# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ စနေနေ့ အတွဲ(၆၅)၊ အမှတ်(၃၅၆)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပည့်ဒါယကာများက ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြစဉ်။

## နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၅

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သက်တော်(၉၉)နှစ်၊ သိက္ခာဝါတော်(၇၉)ဝါ ရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိ စျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ကျင်းပပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ဈေးငွေလျှောက်ထားရယူနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိဆီစက်များ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသောချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၄)ဘဏ်တို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

*စာမျက်နှာ ၅ ကော်လံ ၁* ❂

## ရေယာဉ်များကြံ့ခိုင်မှုရှိရေးနှင့် လက်ရာကောင်းမွန်ရေး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်နှစ်စင်းလွှန်းတင်ပြုပြင်ခြင်း ၊ ၇၆ မီတာ ဘက်စုံသုံးကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကမ်းရိုးတန်းသွား ငါးဖမ်းရေယာဉ်နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တည်ဆောက်ရေးအလုပ်ရုံ အမှတ် ၁ ၌ ရေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများကို CNC Cutting Machine ဖြင့် ဖြတ်တောက်ခြင်းနှင့် Rolling Machine ဖြင့် ပုံဖော်ခြင်း၊ ရေယာဉ်တည်ဆောက်သည့် အောက်ခံခုံ (Moulding Bed) တွင် ရေယာဉ်ကိုယ်ထည်များ တွဲဆက်တပ်ဆင်ခြင်း၊ လွှန်းလမ်းအမှတ် ၂ နှင့် အမာခံလွှင်ပြင်တို့တွင် တွန်း/ဆွဲ ရေယာဉ်သုံးစင်းနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❐

**ယနေ့ မိုးလေဝသ**

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

မိုး/ဇလ





**ယနေ့ သတင်းအညွှန်း**

အာမခံအလုပ်သမားများ စွမ်းအားပြည့် လုပ်ငန်းလည်ပတ်နိုင်စေရန် ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသော လူမှုဖူလုံရေးအဖွဲ့ — ဆောင်းပါး — စာ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ — လွှတ်တော်ရေးရာ — စာ ၇

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ — လွှတ်တော်ရေးရာ — စာ ၉

❖ *ရွှေဖုံးမှ*

အဆိုပါ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယမိပတိ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိသောဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ ရွှေဘိုဆရာတော် ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသ တို့အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ပြည်တွင်း ပြည်ပမှ တပည့်သာဝက ဒါယကာ၊ ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ စည်ကားများပြားစွာဖြင့်တက်ရောက်ပူဇော်ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများက ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး “ကြိုးစားကြပါစို့” ဟူသော ချမ်းမြေ့အဓိဋ္ဌာန်နှင့် မေတ္တာပို့လင်္ကာတို့ကို စုပေါင်း သံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့အား ရှိခိုးခြင်းဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်ကြီးများက “သဗ္ဗေသင်္ခါရာ အနိစ္စာတိ” အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌနှင့် ဥပါသကာများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌနှင့် ဥပါသကာများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ပူဇော်ကြစဉ်။

ဆက်လက်၍ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ချမ်းမြေ့သာစည်ဆရာတော်အရှင်အဂ္ဂဉာဏက ဖတ်ကြားပူဇော်ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယကဆရာတော် အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသက ကိုယ်တိုင်ရေးသားပူဇော်အပ်သည့် မဟာထေရ ဂုဏပူဇာသံဝေဇနိယဂါထာကို ဖတ်ကြားပူဇော်သည်။

**ဖတ်ကြားပူဇော်**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ် ပွားများတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တ သိရီကဉ္စနာဘိဝံသက လည်းကောင်း၊ ရွှေကျင်ဂိုဏ်းဗဟိုဌာန၏ သံဝေဂဉာဏ် ပွားများတော်မူကြောင်း သဝဏ်လွှာကို ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်ချုပ် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဆက်ကပ်တော်မူသည့် ဝမ်းနည်းကြောင်းသဝဏ်လွှာကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ပြည်တွင်း ပြည်ပ ချမ်းမြေ့ရိပ်သာများအဖွဲ့က ပေးပို့သည့် ဝမ်းနည်းကြောင်းသဝဏ်လွှာကို ချမ်းမြေ့ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် သီတဂူဆရာတော်ဘုရားကြီးထံမှ ဓမ္မသံဝေဂကထာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော် ဦးသောဘိတာ ဘိဝံသ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိက ခွင့်လွှတ်တော်မူရန် ချမ်းမြေ့ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန်ကန်တော့ကြသည်။

**ပင့်ဆောင်**

ဆက်လက်၍ ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ပညာနန္ဒာ ဘိဝံသက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာတော် သံဃာတော်များ၊ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပည့်ဒါယကာများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ သုဝဏ္ဏဘုမ္မိကွင်းသို့ဆက်လက်ပင့်ဆောင်ကြသည်။

ယင်းနောက် ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြကာ သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာ ဝတ သင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြသည်။

ချမ်းမြေ့ဆရာတော် ဘုရားကြီးသည် ငယ်ရွယ်စဉ်ကတည်းကပင် ဆရာတော်၊ သံဃာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သဖြင့် **“ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့”** တို့ကို ရရှိတော်မူခဲ့ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် တောင်တွင်းကြီးမြို့ တောရဗိမာန်စာသင်တိုက်တို့၌ စာသင်သားရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိသောဓကအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်တည်ထောင်၍ တရားဟောတရားပြကမ္မဋ္ဌာနာစရိယ တာဝန်များ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ်စသော စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင် ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌ လည်းကောင်း ပဋိပတ္တိကမ္မဋ္ဌာန်း ရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ်(၇၀)ကျော် ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ၊ အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ရီတက္ကသိုလ်၊ဗန်ကူးဗားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ် စသော ပြည်ပနိုင်ငံ တက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ထိုကဲ့သို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ကမ္မဋ္ဌာန နယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **“အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ”** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **“အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော် တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
**"သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ"** ဆိုသည့် မေတ္တာပို့ ဆုတောင်းစကားသည် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထင်ရှားသည့် လက်သုံး မေတ္တာပို့ ဩဝါဒကထာဖြစ်ပြီး ဆရာတော်ဘုရားကြီးသည် သာသနာတော် အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၉)နှစ်၊ သိက္ခာဝါတော်(၇၉)ဝါအရ၊ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် စနေနေ့ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကာ ယနေ့တွင် အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဦးစီး ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များရေမျှောပူဇော်ခြင်း အခမ်းအနားအား စက်တင်ဘာ ၂၆ ရက်တွင် ပန်းဆိုးတန်း ကျုန်းမာရေးဆိပ်ကမ်း၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီတဂူဆရာတော်ဘုရားကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



# နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သက်တော် (၉၉)နှစ်၊ သိက္ခာဝါတော် (၇၉) ဝါရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသည်။





ဦးစွာ မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ရုပ်ကလာပ်တော်ကို မွန်းလွဲ ၂ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ဝေဇယန္တာလမ်းမကြီးတစ်လျှောက် ပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင် ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမ ပြည်သူအများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် ပူဇော်ပွဲကျင်းပမည့် သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK သို့ရောက်ရှိရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဆရာတော်၊ သံဃာတော်များနှင့်အတူ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများက လောင်တိုက်တော်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ အန္တိမ အဂ္ဂိစျာပန ပူဇော်ပွဲ ကျင်းပရာ ပြင်ဦးလွင်မြို့ အနီးစခန်း ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိဝံသ အရှင်မြတ်က ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားပြီး ရုပ်ကလာပ်တော်အား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများက လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်မုခ်ဦးထိပ်၌ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒါယကာ၊ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ချမ်းမြေ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတာ ဘိဝံသက နောက်ဆုံး တောင်းပန် ကန်တော့လွှာကို ပရိသတ်များအား တိုင်ကြားပေးပြီး စဉ့်ကိုင်မြို့ ပညာဓိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ အရှင်မြတ်က ဆရာတော်ကြီးအား တေဇောဓာတ် မီးပူဇော်မည့်အကြောင်း လျှောက်ထား တောင်းပန်သော ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ပုံတော်နှင့် ဘွဲ့စာတမ်းပါ လျှပ်စစ်မီးရောင်စုံတို့ကို ဆရာတော် ဘဒ္ဒန္တဝါယာမနှင့် ဘဒ္ဒန္တဥဇ္ဇောတနတို့က စက်ခလုတ်နှိပ်၍ ပူဇော်ကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ ဗုဒ္ဓနည်းကျ ချမ်းသာစွာနေထိုင်နည်း တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘိတာ ဘိဝံသနှင့် တာချီလိတ်မြို့ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိရောစနတို့က စက်ခလုတ်နှိပ်၍ တေဇောဓာတ်ဖြင့် ပူဇော်ကြပြီး အန္တိမ အဂ္ဂိစျာပနပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ် အပေါင်းက သဗ္ဗေသင်္ခါရာ အနိစ္စာတိ အစချီ သံဝေဂသုံးဂါထာကို ရွတ်ဆိုပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ရှောက်ကုန်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာ မှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၅**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ အသင်းမှ ဗဟိုအဖွဲ့ဝင် ဦးမောင်မောင်စိုး ဦးဆောင်သောအဖွဲ့ လေးဦး၊ နေပြည်တော်ကောင်စီ မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါ်မော်မော်ထွန်း ဦးဆောင်သော အသင်းသူ ၂၃ ဦးနှင့် Jasmine May ကိုယ်ပိုင် မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မေသူဇာခိုင် ဦးဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၉၅ ဦး စုစုပေါင်း ၁၂၂ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပမှုကို လာရောက်လေ့လာပြီး လွှတ်တော် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့အပြင် Jasmine May ကိုယ်ပိုင် မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မေသူဇာခိုင် ဦးဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူတို့သည် ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာစဉ်အတွင်း လွှတ်တော် အစည်းအဝေးကျင်းပပုံနှင့် မေးခွန်းမေးမြန်း၊ ဖြေကြားခြင်းကို Mock Parliament တစ်ရပ်အသွင် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့် နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့် နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်းအား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော် အဆောက်အအုံ (C) ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင်ကျင့်သုံးလျက်ရှိသည့် လွှတ်တော်စနစ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုပုံအဆင့်ဆင့်နှင့် လွှတ်တော်၏ လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပြည်သူများပိုမိုသိရှိစေရန် အတွက် ဆောင်ရွက်နေမှုများနှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း(၅)နှစ် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် နိုင်ငံသားအားလုံး ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုလုံခြုံစိတ်ချရသည့် လူနေမှုဘဝရရှိရေးအတွက် တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။



ထို့နောက် နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်သို့ လေ့လာရေး လာရောက်သည့် Jasmine May ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ လွှတ်တော်ပုံစံတူ (Mock Parliament) သရုပ်ပြ အစီအစဉ်တစ်ရပ်အား ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်စိတ်ပါဝင်စားစွာ လက်တွေ့ပါဝင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်းအား လက်ခံတွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် 2026 CGC (Circuit Global Championship / China Global Championship) သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် နည်းပညာရှင် လူငယ်လေးဦးကိုအားပေးစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

***ရှေ့ဖုံးမှ***

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) ချေးငွေပမာဏ**

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ** (Working Capital) အတွက်ချေးငွေ - အနည်းဆုံး ကျပ် **သိန်း ၁၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

(၂) **မတည်ရင်းနှီးငွေ** (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် **သိန်း ၂၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

**(ခ) ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ** (Working Capital) - ချေးငွေသက်တမ်း (၁)နှစ်

(၂) **မတည်ရင်းနှီးငွေ** (Fixed Capital) - ချေးငွေသက်တမ်း (၃) နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ (၂) နှစ်၊ (၆) လတစ်ကြိမ် (၄) ရစ် ပေးဆပ်ရန်

**(ဂ) ချေးငွေအတိုးနှုန်း** - (၁) နှစ်လျှင် (၅%)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေလျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊

(စ) **ပုဂ္ဂလိကဘဏ် (၁၄)ဘဏ်** [ကမ္ဘောဇဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ သတ္တုဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာမက်ထရိုဘဏ်လီမိတက်]။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန website www. mofr.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal.gov.mm၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး ကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

---

***❐ ရှေ့ဖုံးမှ***

ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်တစ်စင်း ပြုပြင်ခြင်း၊ လျှောလမ်းသုံး လွန်းကျင်း၏ လွန်းတင်/ လွန်းချ အလုပ်ရုံ(Winch House)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူ ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး Safety Officer ခန့်အပ်ကြီးကြပ်ရန်၊ အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရေး Third Party QC Team ဖြင့် စစ်ဆေးရန်၊ ရေယာဉ်များ ကြံ့ခိုင်မှုနှင့် ဂဟေဆက်ကြောင်းများ လက်ရာကောင်းမွန်ရေး အလေးထား လုပ်ဆောင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်


သစ်တောတွေထိန်း တောတွေစိမ်းမှ
ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။

# အာမခံအလုပ်သမားများ စွမ်းအားပြည့် လုပ်ငန်းလည်ပတ်နိုင်စေရန် ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသော လူမှုဖူလုံရေးအဖွဲ့

**လူမှုဖူလုံရေးအက်ဥပဒေကို ၁၉၅၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၁-၁-၁၉၅၆ ရက်နေ့တွင် လူမှုဖူလုံရေးစီမံကိန်းကို ရန်ကုန်မြို့၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိပကတိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော အကျိုးခံစားခွင့်များ ပေးအပ်နိုင်ရန် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ၁-၄-၂၀၁၄ ရက်နေ့တွင် စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။**

ဒေါက်တာ ငယ်လေး

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါအာမခံစနစ် ၆ မျိုးအနက် လက်ရှိတွင် အာမခံစနစ် ၃ မျိုးဖြစ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့် မိသားစု ထောက်ပံ့မှုအာမခံစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အာမခံစနစ်များတွင် အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည် အရေးပါဆုံးဖြစ်သည့်အပြင် အာမခံအလုပ်သမားများ၏ ယုံကြည်အားကိုးမှုမှာလည်း ယင်းကျန်းမာရေးစောင့်ရှောက်ခြင်းဆိုင်ရာ ဝန်ဆောင်မှုကောင်းမွန်ခြင်းအပေါ် အဓိကမူတည်နေသည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက် အလုပ်သမားတစ်ဦးချင်း၏ တစ်လ လုပ်ခဝင်ငွေအပေါ်မူတည်၍ အလုပ်ရှင်မှ ၂ ရာခိုင်နှုန်း၊ အလုပ်သမားမှ ၂ ရာခိုင်နှုန်းနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် အလုပ်သမားမှ ထည့်ဝင်ကြေး ပေးသွင်းရန်မလိုဘဲ အလုပ်ရှင်ကသာ ၁ ရာခိုင်နှုန်း ပေးသွင်းရမည်ဖြစ်သဖြင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်း၊ အလုပ်သမားမှ ၂ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်းကို အလုပ်သမားတစ်ဦးအတွက် ပေးသွင်းရပါသည်။ မိသားစု ထောက်ပံ့မှုအာမခံစနစ်အတွက် အလုပ်ရှင်၊ အလုပ်သမားမှ ထည့်ဝင်ကြေးပေးသွင်းရန်မလိုဘဲ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ ရရှိခံစားစေလျက်ရှိပါသည်။

### ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်

လူမှုဖူလုံရေးစီမံကိန်းတွင် အကျိုးခံစားခွင့် တစ်ခုဖြစ်သော အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး ၃ ရုံ (ရန်ကုန်၊ မန္တလေး၊ ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၂ ခန်း၊ တိုင်းရင်းဆေး ကုခန်းတစ်ခန်း၊ စာချုပ်ဆေးခန်း ၇၂ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းနှင့် ရွေ့လျားဆေးကုသယာဉ်လေးစီး တို့ဖြင့် လူမှုဖူလုံရေးနည်းဥပဒေ ၆၈၊ ၇၃ တို့နှင့်အညီ ဆေးကုသမှုခံယူခွင့်များကို ပေးအပ်လျက်ရှိပါသည်။

### ဌာနကြီးဆေးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားဦးရေ ၅၀၀ နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ဌာနများတွင် လူမှုဖူလုံရေးအဖွဲ့၏ ဌာနကြီးဆေးခန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် ကိုက်ညီသော ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ ဆေးဝါးနှင့်ဆေးပစ္စည်းများအား လိုအပ်ချက်၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ပေးခြင်းဖြင့် လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအား လုပ်ငန်းခွင်မပျက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရေးနှင့် အာမခံအလုပ်သမားများ အချိန်ကုန်သက်သာ၍ အဆင်ပြေစွာ ဆေးကုသမှုခံယူနိုင်စေရေး ရည်ရွယ်၍ ဌာနကြီးဆေးခန်းများအနေဖြင့် စာချုပ်ချုပ်ဆို၍ ဆေးဝါးထောက်ပံ့ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ ၆၇ (ခ)နှင့် (ဂ) တို့အရ "အာမခံထားသူအများအပြားရှိပြီး သတ်မှတ်ထားသည့်ဦးရေနှင့်အထက်ရှိသော လုပ်ငန်းဌာနများတွင် လုပ်သားအင်အား အချိုးအစားအလိုက် ဆေးခန်းများဖွင့်လှစ်ဆောင်ရွက်ပေးပြီး လိုအပ်သောဆေးဝါးပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ရမည်" ဟုပါရှိခြင်း၊ လူမှုဖူလုံရေးဥပဒေ ၆၈ (င) အရ "ဌာနဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများ၏ တာဝန်ရှိသူများနှင့် သဘောတူစာချုပ်များချုပ်ဆို၍ သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း" ဟု ပါရှိခြင်းတို့ကြောင့် ဌာနကြီးဆေးခန်းအဖြစ် သတ်မှတ်ပြီး ဆေးဝါးထောက်ပံ့နိုင်ရေးအတွက် ညွှန်ကြားချက်အမှတ် (၅/၂၀၁၈) နှင့် (၆/၂၀၂၆) များ ထုတ်ပြန်၍ ဆေးဝါးများကို တစ်နှစ်လျှင် ၂ ကြိမ်၊ တစ်ကြိမ်လျှင် ထည့်ဝင်ကြေးငွေ ၄၀ ရာခိုင်နှုန်း၏ တစ်ဝက်ဖြစ်သော ၂၀ ရာခိုင်နှုန်း တန်ဖိုးငွေနှင့် ညီမျှသော ဆေးဝါးများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

> **❝ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားတစ်ဦးအား ရှုထောင့်ပေါင်းစုံမှ ပေးအပ်လျက်ရှိသည့် ဝန်ဆောင်မှုများအတွက် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို ခွင့်ပြုရန်ပုံငွေများနှင့်အညီ ကျခံသုံးစွဲပေးလျက်ရှိပါသည်။ ထို့အပြင် ဆေးသက်သေခံလက်မှတ်ဖြင့် ခွင့်ခံစားပါက ပျက်ကွက်သည့်ရက်များအတွက် ငွေကြေးအကျိုးခံစားခွင့်ကို ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးပေးသွင်းထားပြီး အကျုံးဝင်အာမခံထားရှိသူများအနေဖြင့် နေမကောင်းမကျန်းမာပါက ဆေးကုသမှု ဝန်ဆောင်မှု ဘက်စုံ ရရှိ ခံစားရနိုင် ❞**

ဌာနကြီးဆေးခန်းများသို့ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိရာတွင် အခြေခံကျသော ဆေးဝါးများနှင့် အဖြစ်များသည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါများအတွက် ဆေးဝါးများထောက်ပံ့ပေးလျက်ရှိသဖြင့် အာမခံအလုပ်သမားများအား လုပ်ငန်းခွင်မပျက် အချိန်ကုန်သက်သာ၍ အဆင်ပြေစွာ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း

လူမှုဖူလုံရေးအဖွဲ့ပိုင် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများမှာ အစိုးရရုံးဖွင့်ရက်နှင့် ရုံးချိန်များအတိုင်း ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခြင်း၊ အလုပ်သမားဆေးရုံကြီးများကို တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကြောင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလက်လှမ်းမီစေရန် ၂၀၁၂ ခုနှစ်လူမှုဖူလုံရေး ဥပဒေ ၆၈(င)အရ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆို၍ သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိတွင် အလုပ်သမားများ၏ ကျန်းမာရေး ဝန်ဆောင်မှု ပိုမိုလွယ်ကူစေရန်နှင့် လွှမ်းခြုံမှုရှိစေရန် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူး၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် စာချုပ်ဆေးခန်း ၇၂ ခန်းတို့နှင့် စာချုပ်ချုပ်ဆိုပြီး ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် အလုပ်သမားဆေးရုံကြီးများ၊ စာချုပ်ဆေးခန်းများတွင် ဆရာဝန်များညွှန်းဆိုသော ဆေးဝါးများကို လူမှုဖူလုံရေးအဖွဲ့တွင် တင်ဒါအောင်မြင်သော စာချုပ်ဆေးဆိုင်ကို ကောင်တာဖွင့်လှစ်စေ၍ ဆေးဝါးများကို ထုတ်ယူစေကာ လူမှုဖူလုံရေးအဖွဲ့မှ ငွေပြန်လည်ပေးချေသည့်စနစ်ကို အကောင်အထည်ဖော်ခဲ့ပါသည်။ နိုင်ငံပိုင်ပြည်သူ့ဆေးရုံကြီးများနှင့် တပ်မတော်ဆေးရုံကြီးတို့တွင် ဆေးကုသခဲ့သော အာမခံအလုပ်သမားများက စိုက်ထုတ်ဝယ်ယူခဲ့သော ဆေးဖိုးကုန်ကျစရိတ်များကို လူမှုဖူလုံရေးအဖွဲ့မှ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ဆေးဖိုးပြန်လည်ပေးအမ်းခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများနှင့် စနစ်တကျ ပေးအမ်းလျက်ရှိပါသည်။

### ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသခြင်း

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းဝေးကွာသော စက်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်ရည်ရွယ်၍ ပုဂ္ဂလိကဆေးခန်းနှင့် ရောဂါရှာဖွေရေးစင်တာတို့ဖြင့် စာချုပ်ချုပ်ဆို၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခရီးစဉ်များရေးဆွဲ၍ စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရွေ့လျားဆေးကုသယာဉ်လေးစီးဖြင့် ဆေးကုသပေးခြင်း၊ သွေးစစ်ပေးခြင်း၊ နှလုံး ECG ဆွဲခြင်း၊ ဆေးဝါးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အာမခံအလုပ်သမား လူနာဦးရေ ၁၃၆၁၃၀ နှင့် ၄/၂၀၂၆ လမှ ၇/၂၀၂၆ လအထိ အာမခံအလုပ်သမားလူနာဦးရေ ၅၈၂၈၅ ဦးတို့အား စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အတွင်းလူနာနှင့် ပြင်ပလူနာကုသမှုများအတွက် ပြသသည့်အကြိမ်ရေ ၁၆၉၇၃၅၉ ကြိမ်၊ ၄/၂၀၂၆ လမှ ၇/၂၀၂၆ လထိ ပြသသည့်အကြိမ်ရေ ၆၁၄၂၉၆ ကြိမ်တို့အား ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြင်ပမှ ဝယ်ယူရသည့် ဆေးဝါးများအတွက် အာမခံအလုပ်သမားများက ဆေးဖိုးကုန်ကျငွေ တင်ပြတောင်းခံသည့် အကြိမ်ရေ ၉၁၃၉၇ အတွက် ကျပ်သန်း ၁၁၄၂၅ ဒသမ ၂၁၃ ကျပ်နှင့် ၄/၂၀၂၆ လမှ ၇/၂၀၂၆ လထိ ဆေးဖိုးကုန်ကျငွေတင်ပြတောင်းခံသည့် အကြိမ်ရေ ၁၅၄၉၇ အတွက် ကျပ်သန်း ၁၉၁၇ ဒသမ ၂၁၂ ကျပ်ကို ပေးအပ်ခဲ့ပါသည်။ မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှု ငါးမျိုးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂၃၂၇ ဒသမ ၄၀၁၊ ၄/၂၀၂၆ လမှ ၇/၂၀၂၆ လထိ ကျပ်သန်း ၂၆၉ ဒသမ ၉၉၄ အား ပေးအပ်ခဲ့ပါသည်။

အာမခံထားသူတစ်ဦးအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို အဖွဲ့ပိုင်အလုပ်သမားဆေးရုံကြီးများတွင် အတွင်းလူနာ၊ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူနိုင်ခြင်း၊ ဆေးရုံကြီး ပြင်ပလူနာဌာနတွင် ဖွင့်လှစ်ထားသော လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိသည့် ဆေးဆိုင်ကောင်တာမှ ဆေးဝါးများထုတ်ယူရရှိခြင်း၊ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဌာနကြီးဆေးခန်းများ ဖွင့်လှစ်ထားသည့် အလုပ်ဌာနများတွင် လုပ်ကိုင်ပါက ဌာနကြီးဆေးခန်းများမှ ဆေးဝါးများ ထောက်ပံ့ရရှိခြင်း၊ စာချုပ်ဆေးခန်းများတွင် သွားရောက်ပြသ၍ ဆေးဆိုင်ကောင်တာမှ ဆေးဝါးရယူခြင်း၊ ရွေ့လျားဆေးကုသယာဉ်ဖြင့် အလုပ်ဌာနများအရောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သည့်အခါ ဆေးဝါးများ ရရှိနိုင်ပါသည်။ ၎င်းအပြင် နိုင်ငံပိုင်ပြည်သူ့ဆေးရုံကြီးများ၊ တပ်မတော်ဆေးရုံကြီးများတွင် ပြသပြီး ကုန်ကျခဲ့သည့် ဆေးဖိုးကုန်ကျငွေများတောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်လျက် ပြန်လည်ပေးအမ်းလျက်ရှိပါသည်။

သို့ဖြစ်၍ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားတစ်ဦးအား ရှုထောင့်ပေါင်းစုံမှ ပေးအပ်လျက်ရှိသည့် ဝန်ဆောင်မှုများအတွက် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို ခွင့်ပြုရန်ပုံငွေများနှင့်အညီ ကျခံသုံးစွဲပေးလျက်ရှိပါသည်။ ထို့အပြင် ဆေးသက်သေခံလက်မှတ်ဖြင့် ခွင့်ခံစားပါက ပျက်ကွက်သည့်ရက်များအတွက် ငွေကြေးအကျိုးခံစားခွင့်ကို ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးပေးသွင်းထားပြီး အကျုံးဝင် အာမခံထားရှိသူများအနေဖြင့် နေမကောင်းမကျန်းမာပါက ဆေးကုသမှု ဝန်ဆောင်မှု ဘက်စုံရရှိခံစားရနိုင်ပါသည်။

စက်ရုံ၊ အလုပ်ဌာနအတွင်း ထိခိုက်မှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လူမှုဖူလုံရေးအဖွဲ့သို့ အကြောင်းကြားပါက စိစစ်ပြီး လုပ်ငန်းခွင်ထိခိုက်မှု၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုများကို လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးသဖြင့် အလုပ်ရှင်အတွက်လည်း ကောင်းမွန်သော အာမခံစနစ်တစ်ခုဖြစ်ပါသည်။ အလုပ်သမားများ ကျန်းမာစွာ အလုပ်လုပ်နိုင်ခြင်းကြောင့် ထိရောက်သည့် ကုန်ထုတ်စွမ်းအားစုဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်စိတ်တစ်ပိုင်း ပံ့ပိုးဆောင်ရွက်လျက်ရှိသဖြင့် စွမ်းအားပြည့် လုပ်ငန်းလည်ပတ်နိုင်ရေး ကျန်းမာရေးဝန်ဆောင်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသော လူမှုဖူလုံရေးအဖွဲ့ဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးရေးနှင့် လေယာဉ်လက်မှတ် မှောင်ခိုဈေးကွက်ထိန်းချုပ်ပေးရေး၊ လယ်ယာသုံးအတွက် စက်သုံးဆီဝယ်ယူရရှိရေး၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်ရေး၊ ရပ်ကွက်အဆင့် တိုးမြှင့်ပေးနိုင်ရေး၊ ကျေးရွာအမည် သတ်မှတ်ပေးရေး၊ ဌာနဆိုင်ရာမြေအဖြစ် အသုံးပြုနိုင်ရေး၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရေး၊ မြို့ရှောင်လမ်းဆောင်ရွက်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် တံတားတည်ဆောက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မန္တလေး-မြစ်ကြီးနား သွား/ပြန် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပေးရန်နှင့် လေယာဉ်ခ မှောင်ခိုဈေးကွက်အား ထိန်းချုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မီးရထား၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များတွင် ပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဈေးနှုန်းသက်သာစေရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် စဉ်ဆက်မပြတ် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ လေကြောင်းလိုင်း ငါးလိုင်းက တစ်ရက်လျှင် နှစ်ကြိမ်နှုန်းဖြင့် ပျံသန်းပေးလျက်ရှိရာ ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရန် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လေကြောင်းလိုင်းတစ်လိုင်းက တစ်ကြိမ်ဖြင့်လည်းကောင်း၊ အပတ်စဉ် သောကြာနေ့တိုင်း မြန်မာအမျိုးသားလေကြောင်းက တစ်ကြိမ်ဖြင့်လည်းကောင်း ထပ်မံတိုးမြှင့်ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လေယာဉ်ဆီဈေးနှုန်း တဖြည်းဖြည်း လျော့ကျလာသဖြင့် လေယာဉ်လက်မှတ်ခများကို ခရီးသွားပြည်သူများအား သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးအတွက် လေယာဉ်ဆီဈေးနှုန်း အတက်အကျအပေါ်မူတည်၍ မန္တလေး-မြစ်ကြီးနား ခရီးစဉ်ကို အချိန်နှင့်တစ်ပြေးညီ လေကြောင်းလိုင်းများမှလည်း ပြောင်းလဲပြင်ဆင်သတ်မှတ်ရောင်းချပေးလျက်ရှိပါကြောင်း။

မြစ်ကြီးနားလေယာဉ်လက်မှတ်များ မှောင်ခိုဈေးကွက်ပပျောက်စေရန် လေယာဉ်လက်မှတ်များအား အရောင်းကိုယ်စားလှယ်(Agent)များမှတစ်ဆင့် ရောင်းချစေခြင်းမပြုဘဲ လေကြောင်းလိုင်းနှင့် ၎င်း၏ ရုံးခွဲများကိုယ်တိုင်သော်လည်းကောင်း၊ Online မှသော်လည်းကောင်း ရောင်းချခြင်းကို မြန်မာအမျိုးသားလေကြောင်းနှင့် အဲသံလွင်လေကြောင်းတို့က ၂၀၂၆ ခုနှစ် ဇူလိုင်လမှစတင်၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ မင်္ဂလာလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့က ၂၀၂၆ ခုနှစ် ဩဂုတ်လမှစတင်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လေယာဉ်လက်မှတ်ခများအား သတ်မှတ်ဈေးနှုန်းထက် ဈေးတင်ရောင်းချသူများအား အရေးယူဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **တောင်သူများအတွက် လယ်ယာလုပ်ငန်းသုံး စက်သုံးဆီများကို ဆီဆိုင်များမှ ဆီဝယ်စာအုပ်များဖြင့် ဝယ်ယူရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ရောဝတီတိုင်းဒေသကြီးရှိ စိုက်ဧက ငါးသိန်းကျော်အတွက် လိုအပ်သော ထွန်ရက်ဆီအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီဂါလန် ၆၆၀၀၀ ကျော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း၍ ဖြန့်ဖြူးထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းထုတ် ဓာတ်ဆီ RON-68 နှင့် RON-72 တို့ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြစ်တွင်းသွားစက်လှေများနှင့် လယ်ယာသုံးစက်ပစ္စည်းများတွင် သုံးစွဲနိုင်ရေး တိုင်းဒေသကြီးအတွင်းရှိ အရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများအား လယ်ယာလုပ်ငန်းသုံး လိုအပ်သောစက်သုံးဆီများ ဝယ်ယူရာတွင် ဆီဆိုင်များမှ နေ့အလိုက် ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူခွင့်ကို ဆီစာအုပ်များ အသုံးပြုဝယ်ယူရောင်းချမှုလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးသော်လည်း လိုအပ်သည့် စက်သုံးဆီများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်တွင်းထုတ် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထူးသက်သာသော ဈေးနှုန်းဖြင့်ရရှိနိုင်ရေး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မုံရွာခရိုင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယခင်က ချောင်းဦးမြို့အစွန်ရှိ အိုးအိမ် ဝန်ထမ်းအိမ်ရာနှင့် ၎င်းတို့နေအိမ်များရှိသော ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်လျက်ရှိရာမှ လတ်တလော ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ခြိမ်းခြောက်ခံရခြင်းများရှိသည့်အတွက် နေထိုင်ရန် အခက်အခဲများရှိပါသဖြင့် မိသားစုဝင်များအား အခြားမြို့များရှိ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ပို့ဆောင်နေထိုင်လျက်ရှိပြီး ဝန်ထမ်းများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နေထိုင်မှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း။

သို့ဖြစ်ပါ၍ အမှုထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်ဆောက်လုပ်ပေးမှုနှင့်စပ်လျဉ်း၍ ချောင်းဦးမြို့ မြို့မရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ပေ (၃၅ x ၉၀) မြေကွက်လပ်တွင် အမှုထမ်းဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ် တန်ဖိုးနည်းအိမ်ရာအတွင်း ရပ်ကွက်ကြီး ၁၅ ရပ်ကွက်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ချမ်းမြသာစည်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင်အတွင်း တည်ရှိပြီး ဧရိယာ ၉ ဒသမ ၉၇ စတုရန်းမိုင်ကျယ်ဝန်းကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းပါဝင်ပါကြောင်း၊ ချမ်းမြသာစည်မြို့နယ်သည် ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပါကြောင်း။

တန်ဖိုးနည်းအိမ်ရာတိုက်များ တည်ရှိသည့် အောင်သာယာရပ်ကွက်တွင် အိမ်ထောင်စု ၄၂၈၁ စု၊ လူဦးရေ ၁၈၉၃၁ ဦးနှင့် မြရည်နန္ဒာရပ်ကွက်တွင် အိမ်ထောင်စု ၄၈၁၄ စု၊ လူဦးရေ ၁၉၇၃၄ ဦး အသီးသီးရှိကြပြီး ရပ်ကွက်နှစ်ခု၏ အိမ်ထောင်စု စုစုပေါင်း ၉၀၉၅ စုနှင့် လူဦးရေစုစုပေါင်းမှာ ၃၈၆၆၅ ဦး ရှိပါကြောင်း၊ အောင်သာယာရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာ တိုက် ၇၆ လုံးတွင် အိမ်ထောင်စု ၁၉၈၅ စု၊ လူဦးရေ ၆၁၂၇ ဦးနှင့် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာ တိုက် ၁၂၀ တွင် အိမ်ထောင်စု ၂၇၉၁ စု၊ လူဦးရေ ၉၈၂၄ ဦးရှိကြသဖြင့် စုစုပေါင်းတန်ဖိုးနည်းအိမ်ရာတိုက် ၁၉၆ လုံးတွင် နေထိုင်ကြသော အိမ်ထောင်စု ၄၇၇၆ စု၊ လူဦးရေ ၁၅၉၅၁ ဦးတို့ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ တွင် "သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်"ဟု ပြဋ္ဌာန်းထားရှိရာ ရပ်ကွက်ပြင်ဆင်တိုးချဲ့ရန် လိုအပ်ပါက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ချမ်းမြသာစည်မြို့နယ်သည် ရပ်ကွက် ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အုပ်ချုပ်မှုဆိုင်ရာကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ရပ်ကွက်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး (ခ) ဦးမျိုးအောင်၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်း၌ ဝန်ထမ်းလိုင်းခန်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ပေါက်ခေါင်းမြို့နယ် မီးသတ်စခန်း၌ ၂၀၁၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၆၅ x ၅၂ x ၂၆) ပေ RC နှစ်ထပ်မီးသတ်စခန်းအဆောက်အအုံ တစ်လုံး၊ ၁၉၆၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၄၈ x ၂၂) ပေ အုတ်ညှပ်နှစ်ခန်းတွဲ တစ်ထပ်ဝန်ထမ်းလိုင်းခန်း တစ်လုံး၊ ၂၀၂၀ ပြည့်နှစ်တွင် ဆောက်လုပ်ခဲ့သည့် (၃၇ x ၁၂) ပေ သွပ်မိုး၊ အုတ်ကြွပ်ကာယာယီလိုင်းခန်း တစ်လုံးနှင့် ၂၀၂၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၅၁ x ၁၂)ပေ ထရံကာ၊ သွပ်မိုးယာယီလိုင်းခန်း တစ်လုံးတို့တွင် အိမ်ထောင်သည် တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် လူပျိုတပ်ဖွဲ့ဝင် ၁၈ ဦးတို့ နေထိုင်လျက်ရှိပါကြောင်း၊ ကျန်အိမ်ထောင်သည် တပ်ဖွဲ့ဝင် လေးဦးသည် စခန်းပြင်ပရှိ မိသားစုနေအိမ်များတွင် နေထိုင်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပေါက်ခေါင်းမြို့နယ် မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များနေထိုင်ရေး အဆင်ပြေရန်အတွက် ပေါက်ခေါင်းမြို့နယ် မီးသတ်စခန်းအတွင်း၌ မြေနေရာအကျယ်အဝန်း အခက်အခဲရှိသဖြင့် ၁၉၆၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၄၈x၂၂) ပေ အုတ်ညှပ်နှစ်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံတစ်လုံးအား ဖျက်သိမ်း၍ (၁၀၀ x ၄၀ x ၃၂) ပေ လေးခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု တောစိမ့်အနောက်ဘက် ဦးပိုင်ရှိ ယာမြေပေါ်တွင် ကျေးရွာအမည်မရှိသောရွာအား "ချမ်းငြိမ်းအေးသာယာ"ရွာအဖြစ် အမည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ချမ်းငြိမ်းအေးသာယာကျေးရွာ မြေနေရာသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု ကွင်းအမှတ် ၅၇၇၊ တောစိမ့်ကွင်း၊ ယာမြေဧရိယာ ၂၄ ဒသမ ၀၈ ဧကခန့်ရှိပြီး အိမ်ခြေ/ အိမ်ထောင်စု ၁၅၆ စု၊ လူဦးရေ စုစုပေါင်း ၁၁၂၆ ဦး ရှိပြီး ကျေးရွာသူ/ ကျေးရွာသားများသည် ၂၀၀၈ ခုနှစ်မှစတင်၍ အခြေချနေထိုင်ခဲ့သည်မှာ ယခုအချိန်ထိဖြစ်ပါကြောင်း။

ချမ်းငြိမ်းအေးသာယာကျေးရွာအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ကျေးရွာအဖြစ် သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာအုပ်စု/ ကျေးရွာများအား တိုးချဲ့/ပယ်ဖျက်/အမည်ပြောင်းပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့် အချက်အလက်များ ပြည့်စုံမှုမရှိသေးသော်လည်း ချမ်းငြိမ်းအေးသာယာကျေးရွာအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသော ကျေးရွာအဖြစ် သတ်မှတ်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပခုက္ကူမဲဆန္ဒနယ်မှ ဦးလှဝင်းဦး၏ **ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု ဦးပိုင်အမှတ်(၃၀-ခ)ရှိ မြေဧရိယာ ၆၄ ဒသမ ၂၂ ဧကအား မြေလိုအပ်ချက်ရှိနေသည့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စု ကွင်းအကွက်အမှတ်နှင့် အမည် (၃၁၅-က၊ ကျွဲတဲအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၀-ခ)၊ မြေဧရိယာ ၆၄ဒသမ၂၂ ဧကရှိ မြေနေရာသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်းပို့ဆောင်ရေးပိုင်ဖြစ်ပြီး အဆိုပါဌာနအား ၁-၄-၂၀၂၄ ရက်နေ့တွင် ဖျက်သိမ်းခဲ့သဖြင့် အဆိုပါမြေအား နိုင်ငံတော်ပိုင်မြေအဖြစ်အပ်နှံရန် ညွှန်ကြားခဲ့သောကြောင့် နိုင်ငံတော်ပိုင်မြေ(State Land) သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ထားသည့် ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စုရှိ မြေဧရိယာ ၆၄ ဒသမ ၂၂ ဧကအား အသုံးပြုလိုသည့် ဝန်ကြီးဌာနများအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **ရန်ကုန်မြို့ပြအတွင်း BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ လမ်းဘေးဈေးသည်များအား နေရာချထားပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အောင်မင်္ဂလာနှင့် ဒဂုံ-ဧရာအဝေးပြေးယာဉ်ရပ်နားစခန်း နှစ်ခု၊ အလုံ/ဗိုလ်တထောင်/အနောက်ပိုင်း ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်း သုံးခုနှင့် တောင်ဥက္ကလာပမြို့နယ် ၁၁ နှင့် ၁၂ ရပ်ကွက်၊ ရတနာလမ်းနှင့် သုမင်္ဂလာလမ်းထောင့်ရှိ မော်တော်ယာဉ် ၂၈၂ စီး ရပ်နားနိုင်သော အထပ်လေးထပ်ရှိ အရှေ့ပိုင်းယာဉ်ငယ်ရပ်နားစခန်း နှစ်ခု၊ စုစုပေါင်း ခုနစ်ခု ဆောင်ရွက်ထားရှိပြီး ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းဘေးဈေးသည်များနှင့်စပ်လျဉ်း၍ စည်းကမ်းထိန်းကြပ်မတ်ခြင်း၊ မြို့နယ်အလိုက်၊ လမ်းအလိုက်စာရင်းများပြုစုထားရှိခြင်း၊ မြေနေရာအကျယ်အဝန်း၊ ရောင်းချမှုအခြေအနေပေါ်မူတည်၍ နေရာချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ သဃ်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ လှိုင်၊ မြောက်ဥက္ကလာပ စသည့်မြို့နယ်များအတွင်းရှိ ပုံကျဈေးသည် ၂၁၇၁ ဦးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဈေး ၁၅ ခု အတွင်း စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် လမ်းမတော်မြို့နယ် ၁၉ လမ်း စံပြညဈေးတန်းကို ဘေးကင်းလုံခြုံ၍ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိသည့် အစားအသောက်များကို စနစ်တကျရောင်းချစေရေးအတွက် အဆင့်မီစံပြညဈေးတန်းအဖြစ် စီမံချက်ချမှတ်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေး မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်အသုံးပြုနိုင်ရန် လမ်းညွှန်များ၊ Road Signs၊ Road Marking များ၊ Traffic Signal များကို အသစ်တပ်ဆင်ခြင်းနှင့် ယာဉ်သွားလာမှုများ အဆင်ပြေစေရန် လမ်းပုံသဏ္ဌာန်နှင့် ဖွဲ့စည်းပုံဒီဇိုင်း ပြောင်းလဲပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ ယာဉ်သွားလာမှုများ အဆင်ပြေစေရန် ယာဉ်သွားလမ်းများတိုးချဲ့ခြင်း၊ ယာဉ်ရပ်နားရန် ကားပါကင်နေရာများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ယာဉ်သွားလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့က ယာဉ်ရပ်နားစခန်းနှင့် ယာဉ်ရပ်ဝန်းများ ၁၈ နေရာ ဆောင်ရွက်ပေးပြီးဖြစ်ပါသောကြောင့် BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန် မလိုအပ်ပါကြောင်းနှင့် လမ်းဘေးဈေးသည်များ၏ ဈေးရောင်းချမှုကိုကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့ရှောင်လမ်း စီမံကိန်းနှင့်ပတ်သက်၍ မည်သို့လျာထားစီမံထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း လမ်းအပိုင်းသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်သည့် မန္တလေး - လားရှိုး - မူဆယ်လမ်း၏ မိုင်တိုင် ၄၉/၄ မှ ၁၀၂/၀ အထိ ၅၂ မိုင် ၄ ဖာလုံအရှည်ရှိသော လမ်းနှင့်ဆက်စပ်နေသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ နောင်ချိုမြို့တွင်းနှင့် ဂုတ်တွင်းလမ်းအပိုင်းတို့တွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများအား လျှော့ချနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်စေရေးတို့အတွက် ၂၀၁၃ ခုနှစ်ခန့်မှစ၍ နောင်ချိုမြို့ရှောင်လမ်းအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေသားလမ်းတစ်ကြောင်းထိုး ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအတွင်း ဖောက်လုပ်ပြီးစီးခဲ့ပြီး ၎င်းလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားသစ်တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်နေဆဲကာလတွင် ခေတ္တရပ်ဆိုင်းထားခဲ့ပြီး နောင်ချိုမြို့ရှောင်လမ်းစီမံကိန်းအား ဂုတ်ထိပ်တံတားအသစ်တည်ဆောက်ချိန်တွင် တစ်ပါတည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးအထိ လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် မြှင့်တင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မာန်အောင်မြို့နယ် ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးအထိလမ်းသည် သစ်ဝ-မျှော်တော်ဦး-သစ်ပုံလမ်းဖြစ်ပြီး မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ဇရပ်ကုန်းခင်ကျေးရွာမှစတင်၍ သစ်ပုံကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအရှည် ၅ မိုင် ၅ ဖာလုံရှိသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ ကျောက်ခင်းလမ်း ၅ မိုင်ဖြစ်ပြီး စုစုပေါင်း အရှည် ၅ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးမှုများနေသော လမ်းအပိုင်း ၁ မိုင် ၂ ဖာလုံအား ဖြုန်းကျောက်စရစ်ခင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ကျောက်ခင်းလမ်း ၅ မိုင်အနက်မှ ၄ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လျာထားသွားမည်ဖြစ်ပြီး ကျန်ရှိသော လမ်းပိုင်းများကို ကွန်ကရစ်လမ်းအဖြစ် နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဇီးကုန်း - သင်ကန် - ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိ ကွန်ကရစ်လမ်းအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဇီးကုန်း - သင်ကန် - ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိ လမ်းသည် ရန်ကုန်-ပြည်လမ်းပေါ်ရှိ ဇီးကုန်းမြို့ မော်ရရွာမှစတင်ပြီး သင်ကန်ရွာ၊ ရွှေဖလားရွာတို့မှတစ်ဆင့် ခရိုင်ချင်းဆက် လမ်းအမှတ်(၁)ကို ချိတ်ဆက်ထားသော လမ်းအရှည် ၁၂ မိုင်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၅ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၃ မိုင်ဖြစ်ပြီး စုစုပေါင်း ၁၂ မိုင်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်း၏ မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုဖြစ်ပေါ်နေသော လမ်းအရှည် ၂ ဖာလုံအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေတွင်လည်း လမ်းအရှည် ၂ ဖာလုံအား ဆက်လက်လျာထားသွားမည်ဖြစ်ကာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကိုလည်း နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော်မြို့နယ် အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာအထိ လမ်းပိုင်းအား ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျုံပျော်မြို့နယ် အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာအထိ လမ်းပိုင်းသည် အရှည် ၂၄ မိုင် ၂ ဖာလုံရှိ ဓနုဖြူ-သောင်ကြီးလမ်း၏ ကျုံပျော်မြို့နယ်အပိုင်း မိုင်တိုင် ၁၄/၀ (ကျုံတနီးရွာ)မှ မိုင်တိုင် ၂၄/၂ (အောင်လံစုလမ်းဆုံ)အထိ ၁၀ မိုင် ၂ ဖာလုံ အပိုင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းအရှည် ၁၀ မိုင် ၂ ဖာလုံတွင် ကောင်းမွန်သော အပိုင်း ၂ မိုင်၊ အသင့်အတင့်ကောင်းမွန်သော အပိုင်း ၃ မိုင်နှင့် ပျက်စီးမှုများပြားသောအပိုင်း ၅ မိုင် ၂ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် လမ်းပိုင်းအတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၁ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၃ ဖာလုံ စုစုပေါင်း ၄ဒသမ၅ ဖာလုံအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရန် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေတွင် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၃ ဖာလုံအရှည်အား ထပ်မံလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုနှင့် မိုးညိုမြို့နယ်များ ဆက်သွယ်ထားသည့် မြစ်မခမြစ်ကူးတံတား(တက်ဆွဲ)အား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် မိုးညိုမြို့နယ်တို့အား ဆက်သွယ်မည့် မြစ်မခမြစ်ကူးတံတား (တက်ဆွဲ) တည်ဆောက်ရန် လျာထားသည့်နေရာသည် အုတ်ဖိုဘက်ကမ်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော အရှည် ၇ မိုင် ၄ ဖာလုံရှိ အုတ်ဖို - ကျက်ဆူတော တက်ဆွဲလမ်းတာပေါင်အဆုံးနှင့် မိုးညိုဘက်ကမ်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် မြစ်မခမြစ်၏ အနောက်ဘက် ကမ်းပတ်တာထိပ်ကြားတွင် တည်ရှိပါကြောင်း။

မြစ်မခမြစ်သည် နွေရာသီရေနည်းချိန်တွင် ကမ်းပါးနှစ်ဖက်အကျယ် ပေ ၂၀၀ ခန့်သာရှိပြီး မိုးရာသီကာလအတွင်း မြစ်မခမြစ်၏ အနောက်ဘက်ကမ်းပတ်တာထိပ်အထိ ပေ ၂၁၀၀ ခန့် ရေပြင်ကျယ်အဖြစ် မြစ်ရေစီးဆင်းလျက်ရှိပါကြောင်း၊ တံတားတည်ဆောက်မည်ဆိုပါက မြစ်မခမြစ်၏ ရေစီးရေလာကို မထိခိုက်စေရန်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ မြစ်ရေကို ကာကွယ်ရန် တည်ဆောက်ထားသော ကမ်းပတ်တာကို ထိခိုက်မှုမရှိစေရေး အရှည် ပေ ၂၆၀၀ ခန့်ရှိ တံတားကြီးအဖြစ် တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပြီး တံတားအရှည် ပေ ၂၆၀၀ ခန့်ရှိသည့် မြစ်မခမြစ်ကူးတံတား (တက်ဆွဲ)သည် မြစ်ကူးတံတားကြီးအဆင့် တည်ဆောက်ရမည်ဖြစ်ပါသဖြင့် လတ်တလော တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်၏ **တနိုင်းမြို့နယ် နမ္မတီး- တနိုင်း- ပန်ဆောင် လမ်းမပေါ်ရှိ ကောင်းရာကျေးရွာမှ ဂျာဘူတောင်အထိ ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းပိုင်းဖြစ်၍ မိုင်တိုင် (၆၀/၁ မှ ၁၀၃/၁)အထိ လမ်းအရှည် ၄၃ မိုင် ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁၆ မိုင် ၁ ဖာလုံနှင့် အမာခံလမ်း ၂၆ မိုင် ၇ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါ လမ်းပိုင်းမှာ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း(တနိုင်းမြို့နယ်)၏ စုစုပေါင်း လမ်းမိုင် ၄၃ မိုင်အတွင်းရှိ ဂျာဘူတောင် မိုင်တိုင် ၆၀/၁ မှ တနိုင်းမြို့ မိုင်တိုင် ၈၇/၁ အထိ ၂၇ မိုင် လမ်းပိုင်းဖြစ်ပြီး ကွန်ကရစ်လမ်း ၁၁ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၁၅ မိုင် ၃ ဖာလုံဖြစ်ပြီး အမာခံလမ်း ၁၅ မိုင် ၃ ဖာလုံအနက်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မိုင်တိုင်(၇၄/၂ မှ ၇၅/၄)အတွင်း ၆ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျန်ရှိသော ၁၄ မိုင် ၅ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**




## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှု အသင်း အလုပ်အမှုဆောင်၊ အမှုဆောင်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဦးမြင့်ဆွေတို့က အမှာစကား ပြောကြားကြသည်။

အမှုဆောင် ရွေးချယ်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အိမ်ခြံမြေအသင်းဝင်များ လာရောက်မဲပေးကြသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းတွင် အသင်းသားအသင်းသူ တစ်သောင်းကျော်ရှိပြီး အသင်းဝင် ရှစ်ထောင်ခန့် လာရောက်မဲပေးကြကြောင်း သိရသည်။

**ရတီ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၅**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၀ တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြေနကျေးရွာအုပ်စု မြေနကျေးရွာသည် ရေလယ်ကျွန်းတွင် နေထိုင်ရသည့်အတွက် ရေဘေးဒုက္ခများ ရှောင်ရှားရန် ယခင်သတ်မှတ်ပေးထားသော ကုန်းမြေနေရာသို့ လူနေအိမ်များ ပြောင်းရွှေ့၍ အတည်တကျ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဒေသခံတောင်သူများက စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအား ကျေးရွာမြေအဖြစ်အသုံးပြုလိုပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာလျော်ကြေး၊ နစ်နာကြေးများကို ပေးချေရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မူလမြေယာလုပ်ပိုင်ခွင့် ရရှိထားသူများနှင့်ညှိနှိုင်းပြီး မူလမြေယာလုပ်ပိုင်ခွင့် ရရှိထားသူများ၏ သဘောတူညီ ခွင့်ပြုချက်ရရှိလာပါက မြေယာလျော်ကြေး၊ နစ်နာကြေးများ ပေးချေပြီး အဆိုပါပေးချေမှုပြီးစီးပါက ရွာမြေအဖြစ် အသုံးပြုခွင့် ရရှိနိုင်ရေးအတွက် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးကို ဆက်လက်လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထိုသို့ ကျေးရွာမြေအဖြစ် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိပြီးပါက ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ကျေးရွာနယ်နိမိတ်ပြင်ဆင်ဆောင်ရွက်နိုင်ရေးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ နှင့်အညီ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြ၍ လမ်းညွှန်မှုခံယူကာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြေနကျေးရွာနေ ပြည်သူများအနေဖြင့် ၎င်းတို့နေထိုင်ရာရွာမြေမှ အခြားမြေနေရာတစ်ခုသို့ ကျေးရွာပြောင်းရွှေ့လိုသည့်အပြင် ကျေးရွာပြောင်းရွှေ့ခွင့် ရရှိသည့်အခါတွင်လည်း ၎င်းတို့လုပ်ကိုင်စားသောက်နေသည့် မြေနကျွန်းလုပ်စားမြေဧရိယာ ဧက ၄၁၀ ခန့်ကိုလည်း ပြန်လည်လုပ်ကိုင်စားသောက်ခွင့်များ ရရှိလိုပါကြောင်း၊ ၎င်းတို့၏ ဆန္ဒသဘောထားများကို တင်ပြထားရှိသော်လည်း မြေနကျွန်းမြေစိုက်ပျိုးလုပ်ကိုင်မှုနှင့် စပ်လျဉ်း၍"၂၀၁၂ခုနှစ် လယ်ယာမြေနည်းဥပဒေအခန်း(၁၂)ပါ မြေနုကျွန်း မြေလုပ်ပိုင်ခွင့် ချထားခြင်း" ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သာယာဝတီ) တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ခေတ်မီနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ) တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းဝင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် Green House လေးလုံးပြုပြင်ပေးရန်၊ ICT ခန်းမ အမိုးပြုပြင်ပေးရန်၊ အမျိုးသမီးဆောင်ရေချိုးကန်၊ အမျိုးသားဆောင်သန့်စင်ခန်း လေးခန်းတွဲ တစ်လုံးပြုပြင်ရန်နှင့် ကျောင်းသားများ ထမင်းချက်ဆောင် အမိုးပြုပြင်ပေးရန် စသည့်တည်ဆောက်ရေးလုပ်ငန်း ငါးမျိုးအတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်မှ ငွေကျပ် ၄၉ ဒသမ ၄၀၄ သန်း ရန်ပုံငွေကျခံ၍ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကျောင်းအတွက် ထပ်မံလိုအပ်သည့် စုရုံးခန်းမတစ်လုံး၊ နည်းပြဆောင် ရှစ်ခန်းတွဲ နှစ်ထပ်တစ်လုံး၊ ကျောင်းအဝင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် ကျောင်းခြံစည်းရိုး ပေ ၁၈၀၀ ဆက်လက်ကာရံခြင်း စသည့်တည်ဆောက်ရေးလုပ်ငန်းလေးမျိုး ဆောင်ရွက်နိုင်ရန် ငွေကျပ် ၄၁၂၄ ဒသမ ၈ သန်းအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြတောင်းခံခြင်းဆောင်ရွက်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက အဆိုပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ) အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်နိုင်ရေးအတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်း ခုနစ်ခုအတွက် ရန်ပုံငွေထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟ၏ **မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့်နှင့် အကျိုးစီးပွားကို ကာကွယ်ရေး၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ စနစ်တကျဝင်ရောက်နိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတည်ငြိမ်တိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် Contract Farming လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ Contract Farming ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းနှင့် Agricultural Public Private Partnership စီမံကိန်းများကို ချိတ်ဆက်ဖော်ဆောင်ခြင်း၊ စိုက်ပျိုးရေးဒေတာစနစ်တည်ဆောက်ခြင်းတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့သော မူဝါဒ၊ ဥပဒေ၊ စီမံချက်နှင့် လက်တွေ့အကောင်အထည်ဖော်မည့် အစီအစဉ်များ ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉ (ခ)အရ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ခြင်းအပေါ် အခြေခံ၍ ဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်ပြီး အစုအဖွဲ့သုံးဖွဲ့နှင့် အဓိကဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါအစီအစဉ်သည် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ထုတ်လုပ်သူနှင့် ဝယ်ယူသူအကြား ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထုတ်လုပ်သူက မိမိပိုင်သည့် လယ်ယာမြေတွင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး ရယူခဲ့သည့်သွင်းအားစုတန်ဖိုး (ချေးငွေ)နှင့် ညီမျှသည့် သီးနှံကို ဝယ်ယူကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ငွေကျပ် ဘီလီယံ ၂၃၀ သုံးစွဲပြီး နွေစပါး၊ မိုးစပါး သီးနှံများတွင်လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံဖြင့် ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) သီးနှံများတွင် လည်းကောင်း၊ ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone – REZ) စီမံကိန်းအား ငွေကျပ် ၈၆ ဒသမ ၀၅၀ ဘီလီယံဖြင့်လည်းကောင်း အရင်းမပျောက်မတည်ငွေပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀) ပါ Contract Farming လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့အကောင်အထည်ဖော်မှုအတွေ့အကြုံများအရ ပိုမိုခိုင်မာသည့်စနစ်တစ်ရပ် ဖော်ဆောင်ရာတွင် သီးနှံအာမခံဈေးနှုန်းသတ်မှတ်မှု၊ သီးနှံအာမခံစနစ် ကျင့်သုံးမှု၊ ဒီဂျစ်တယ်စိုက်ပျိုးရေးဒေတာစနစ်နှင့် Traceability ဖော်ဆောင်ခြင်း လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မှုကိုလည်း တွေ့ရှိရပါကြောင်း။

စိုက်ပျိုးရေးဒေတာစနစ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်းပြီး အမျိုးသားအဆင့် လမ်းပြမြေပုံဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agriculture Development Strategy – ADS) (၂၀၂၆ – ၂၀၃၀) ကို စီမံအုပ်ချုပ်မှုကောင်းမွန်စေရေး၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား ကောင်းမွန်စေရေး စသည့်အဓိကမဏ္ဍိုင်(၃)ရပ်အပေါ် အခြေပြုပြီး ထပ်ဆင့်ရလဒ် ၂၅ ခုနှင့် ချက်ချင်းရလဒ် ၂၆ ခုကို အကောင်အထည်ဖော်ရန် လျာထားရေးဆွဲထားရှိပါကြောင်း။

သို့ပါ၍ အကျိုးတူလယ်ယာစနစ် (Contract Farming) နှင့်ပတ်သက်၍ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် မသင့်သေးသော်လည်း လက်ရှိထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများသည် သီးနှံများအားလုံးအတွက် ခြုံငုံရေးဆွဲထားသော SOPs များသာ ဖြစ်နေသောကြောင့် လိုအပ်ပါက ဆောင်ရွက်မည့်လုပ်ငန်းအပေါ်မူတည်၍ သီးနှံအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ရေးဆွဲထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်း ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းထက် တောင်သူသမဝါယမအသင်းများ၊ တောင်သူအစုအဖွဲ့များဖြင့် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တောင်သူအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ဥက္ကံမြို့ရှိ ချောင်းရိုးတူးဖော်ခြင်းနှင့် ချောင်းရေတံခါးအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်က ချောင်းရိုးပေါ်တွင် တည်ဆောက်ထားသော ချောင်းရေတံခါးမှာလည်း နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် ရေတံခါးဂီယာဘောက်နှင့် ရေတံခါးရွက်များ ယိုယွင်းပျက်စီးနေသောကြောင့် ပြုပြင်ပေးရမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ချောင်းရိုး တူးဖော်ခြင်းနှင့် ချောင်းရေတံခါးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြခဲ့ရာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေခွဲဝေရရှိခဲ့ပြီး ရက်(၁၀၀)စီမံချက်ကာလတွင် လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စုရှိ မွေးနီရိုးချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်က မွေးနီရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြခဲ့ရာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် လှပဒါးကျေးရွာအုပ်စုနှင့် ပေါက်ကုန်းကျေးရွာအုပ်စုများမှ လယ်ယာမြေများမှာ မိုးစပါးစိုက်ပျိုးထားလျက်ရှိသောကြောင့် စက်ယန္တရားများသွားလာရန် အခက်အခဲရှိပါသဖြင့် မိုးစပါးရိတ်သိမ်းပြီးချိန်တွင် မွေးနီရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် သမိးကလေးကျေးရွာအနီးရှိ လဂွမ်းပြင်ရေလှောင်တမံမှ လဂွမ်းပြင်ရေသန့်စက်ရုံသို့ ရေသွယ်ယူရာတွင် ပိုက်လိုင်းသွယ်တန်းပြီး ရေရယူမည့်အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်က လဂွမ်းပြင်ရေလှောင်တမံမှ လဂွမ်းပြင်ရေသန့်စက်ရုံသို့ ရေပို့ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ရေလှောင်တမံမှ တူးမြောင်းမကြီးတစ်လျှောက်၊ ထိုမှတစ်ဆင့် ရဲမွန်တပ်မြို့နှင့် ဇရပ်ကွင်းစက်မှုဇုန်တို့ကိုဖြတ်သန်းကာအမှတ်(၁)လမ်းမကြီးတစ်လျှောက်၊ ထိုမှတစ်ဆင့် အမှတ်(၂)လမ်းမကြီး တစ်လျှောက် သွယ်တန်းရန်အတွက် လမ်းကြောင်းလျာထားပြီး မူလရေဂါလန် သန်း ၄၀၊ ထပ်တိုးရေဂါလန် သန်း ၄၀၊ နေ့စဉ်စုစုပေါင်းရေဂါလန်သန်း ၈၀ ရယူနိုင်မည်ဖြစ်ပါကြောင်း၊ အချင်းလက်မ ၈၀ ရှိ ပိုက်လိုင်းအား အလျား ၂၆ မိုင်ခန့် သွယ်တန်းရမည်ဖြစ်ကာ ကုန်ကျစရိတ်များပြားသဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ရန်ပုံငွေပူးပေါင်းကူညီမှုများ ရယူ၍သော်လည်းကောင်း၊ *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ODA Loan ချေးငွေရယူ၍ သော်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတွင် တင်ပြတောင်းခံ၍ နှစ်ရှည်စီမံကိန်းအဖြစ်သော်လည်းကောင်း လုပ်ငန်းအဆင့်အလိုက် ပိုင်းခြားသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထားလျက်ရှိပါကြောင်း။

သို့ပါ၍ လဂွမ်းပြင်ရေလှောင်တမံမှ ရေကို လဂွမ်းပြင်ရေသန့်စင်စက်ရုံသို့ ပိုက်လိုင်းဖြင့် ရေသွယ်ရယူနိုင်ရန် ရှေးဦးစွာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကို လေ့လာဆန်းစစ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံများနှင့် စီမံကိန်းကုန်ကျစရိတ် တွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေပြင်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ရေရှည်စီမံကိန်း (Long Term Plan) များ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရေပေးဝေရေးဆိုင်ရာ စီမံကိန်းကြီးများ၏ သဘောသဘာဝသည် ကနဦး ရင်းနှီးမြှုပ်နှံမှု (Initial investment) ပမာဏများသည့်အပြင် စီမံကိန်းဆောင်ရွက်ပြီးစီးပါကလည်း စီမံကိန်းလည်ပတ်ရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန် နှစ်စဉ်ဘဏ္ဍာငွေများစွာ အသုံးပြုနေရပါသဖြင့် ပြည်သူလူထုအနေဖြင့် ရေကိုစနစ်တကျ ချွေတာ၍ တန်ဖိုးထား သုံးစွဲကြရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/နည်းဥပဒေပြဋ္ဌာန်းရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်**က အာမခံကာကွယ်ရေး ရန်ပုံငွေစနစ် (Insurance Guarantee Fund)သည် စီးပွားရေးတည်ငြိမ်ရန်နှင့် အာမခံကဏ္ဍ ဖွံ့ဖြိုးရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဘေးကင်းလုံခြုံရေးကွန်ရက်ကြီး ဖြစ်ပါသော်လည်း ကုမ္ပဏီများကို ထိန်းချုပ်နိုင်ရန်အတွက် အာမခံကြီးကြပ်ရေးအဖွဲ့ (Regulator) က တင်းကျပ်သည့် စည်းမျဉ်းများ၊ ထိရောက်သည့် ကြီးကြပ်မှုများနှင့် တွဲဖက်ကိုင်တွယ်မှသာ အာမခံစနစ်သည် ရေရှည်အောင်မြင်မည်ဖြစ်ပါကြောင်း။

ယခုအဆို၏အခြေခံရာဖြစ်သော CHUBB Life Insurance ၏ ဖြစ်စဉ်သည် မြန်မာ့အသက်အာမခံသမိုင်းတွင် ထင်ရှားသောဖြစ်စဉ်ကြီးဖြစ်၍ ဖွံ့ဖြိုးစမြန်မာ့အာမခံလုပ်ငန်းနယ်ပယ်ကို ကြီးမားစွာသက်ရောက်မှုဖြစ်စေခဲ့ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် လွန်စွာအကျိုးရှိသော အာမခံလုပ်ငန်းနယ်ပယ်ကို ပြင်းထန်စွာရိုက်ခတ်စေခဲ့ပါကြောင်း၊ အာမခံအကာအကွယ်ရယူသူပြည်သူလူထုက ယုံကြည်ထိုက်သောအကြောင်းအရာ၊ အစီအမံများကို အာမခံဥပဒေများ၊ နည်းဥပဒေများထဲတွင် ထည့်သွင်းပြဋ္ဌာန်းရန်လိုလားလျက်ရှိပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၉ ) ဒေါ်ကျင်သိန်း**က အာမခံလုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးနှင့် ပုဂ္ဂလိကစီးပွားရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရေးပါသောလုပ်ငန်းဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံအကာအကွယ်အမျိုးမျိုးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံစနစ်အပေါ် ပြည်သူများယုံကြည်စေမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို အာမခံလုပ်ငန်းနှင့်ဆက်စပ်ပတ်သက်သည့် ဗဟုသုတများကို ဖြန့်ဝေပေးနိုင်ပါက အထူးကောင်းမွန်မည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ ထွက်ခွာသွားခြင်းများ ဖြစ်ပေါ်လာသည့်အခါ အာမခံထားသူပြည်သူများ၏ ရပိုင်ခွင့်များ နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ အာမခံကာကွယ်ရေးရန်ပုံငွေ အဖွဲ့အစည်းတစ်ခုကို နိုင်ငံတော်အဆင့်ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခုရပ်ဆိုင်းခြင်း၊ ထွက်ခွာခြင်းရှိပါက မြန်မာ့အာမခံလုပ်ငန်း(သို့မဟုတ်) အခြားကုမ္ပဏီတစ်ခုသို့ ပေါ်လစီများ လွှဲပြောင်းပေးနိုင်သည့် စနစ်ကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန်၊ ပြည်သူများသိရှိအောင် သတင်းထုတ်ပြန်ပေးရန်၊ ပြည်သူ့ရပိုင်ခွင့်မဆုံးရှုံးစေရန်တို့ကို ကြီးကြပ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုစနစ်များ၊ ပြည်ထောင်စုအစိုးရအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးစေလိုပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း**က အာမခံကုမ္ပဏီတစ်ခု ဈေးကွက်မှထွက်ခွာသည့်အခါ အာမခံထားရှိသူများ၏ အကျိုးစီးပွားကို အပြည့်အဝကာကွယ်နိုင်ရန် လျော်ကြေးပေးဆောင်မှုနှင့် ပေါ်လစီလွှဲပြောင်းမှုများကိုစနစ်တကျဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မရှင်းလင်းမှု သို့မဟုတ် နှောင့်နှေးမှုများ ဖြစ်ပေါ်ပါက အာမခံဈေးကွက်တစ်ခုလုံး၏ ယုံကြည်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုတို့အပေါ် အပျက်သဘော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ပိတ်သိမ်းခြင်း၊ ထွက်ခွာခြင်း မရှိသေးသော ကုမ္ပဏီများလည်းရှိနေသောကြောင့် အလားတူအဖြစ်မျိုးများ ဖြစ်ပေါ်လာပါက ပြည်သူများနစ်နာဆုံးရှုံးမှုမဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ပေးနိုင်ရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင် အာမခံကုမ္ပဏီတစ်ခုရပ်ဆိုင်းသွားလျှင် (သို့မဟုတ်) ထွက်ခွာသွားလျှင် အများပြည်သူများသိရှိစေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန်နှင့် ပြည်သူများရပိုင်ခွင့်များ မဆုံးရှုံးစေရန်တို့ကို စနစ်တကျကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများနှင့် အာမခံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံသားတို့၏ရပိုင်ခွင့် အခွင့်အရေးများ နစ်နာမှု မရှိစေရေးနှင့်ရုတ်တရက်ထွက်ခွာသွားသည့်အခါ လွှဲပြောင်းမှုကာကွယ်ရေးစနစ်များ ခိုင်မာစေရန် ခိုင်မာသောဥပဒေများ ပြင်ဆင်ရေးဆွဲထားရန် လိုအပ်နေပါကြောင်းနှင့်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးမြင့်ဦး**က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က အမေရိကန်အခြေစိုက် နိုင်ငံတကာအာမခံကုမ္ပဏီဖြစ်သည့် CHUBB (ချပ်) အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံမှ လုပ်ငန်းပိတ်သိမ်းပြီး ရုတ်တရက် ထွက်ခွာသွားခဲ့ပါကြောင်း၊ အလားတူဖြစ်ရပ်ကဲ့သို့ ထပ်မံပေါ်ပေါက်လာပါက အာမခံပြည်သူများ ဆုံးရှုံးမှုမဖြစ်ပွားစေရန် အာမခံကာကွယ်ရေးရန်ပုံငွေကို ဥပဒေကြောင်းအရ မဖြစ်မနေတည်ထောင်ရန် လိုအပ်ပါကြောင်း၊ ထိုရန်ပုံငွေရှိမှသာ ကုမ္ပဏီတစ်ခုခု ရုတ်တရက် ပိတ်သိမ်းပါက ပြည်သူများ ဆုံးရှုံးမှုမရှိဘဲ လျော်ကြေးနှင့် ပြန်အမ်းငွေများကို ချက်ချင်းထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီတစ်ခု ပိတ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်တည်း ပေါ်လစီနှင့်တာဝန်ယူမှု အားလုံးကို မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် အခြား ခိုင်မာသည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုခုထံသို့ ဥပဒေအရ အလိုအလျောက် စနစ်တကျလွှဲပြောင်းပေးအပ်ပြီး ပြည်သူလူထု၏ အာမခံအကာအကွယ် မပြတ်တောက်သွားအောင် လုပ်ဆောင်ပေးသည့်စနစ် (Portfolio Transfer Protocol) ကို ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ညွှန်ကြားချက် သို့မဟုတ် နည်းဥပဒေအရ မဖြစ်မနေ ပြဋ္ဌာန်းရမည်ဟု ထင်မြင်မိပါကြောင်း။

အာမခံစနစ်ဆိုသည်မှာ ပြည်သူများ၏ ယုံကြည်မှုနှင့် လည်ပတ်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့အာမခံလုပ်ငန်း ဥပဒေ(၁၉၉၃) တွင် နိုင်ငံတော်ပိုင်အာမခံလုပ်ငန်း၏ တာဝန်ယူမှုများကို နိုင်ငံတော်က အာမခံထားသကဲ့သို့ ပုဂ္ဂလိကနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း ပြည်သူများ စိတ်အေးချမ်းသာစွာ အာမခံထားရှိနိုင်ရန်အတွက် အာမခံကာကွယ်ရေးရန်ပုံငွေ(Guarantee Fund)ကို စနစ်တကျထူထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချို**က မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသွားသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ အာမခံလုပ်ကိုင်ခွင့် နည်းဥပဒေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားလွှာ ၂/၂၀၁၇ တို့ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

အဆိုရှင် တင်သွင်းသည့် အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသောပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ(Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/ နည်းဥပဒေများ ပါဝင်ထားပြီးဖြစ်ပါကြောင်း၊ အာမခံကာကွယ်ရေးရန်ပုံငွေအတွက် အသစ်ထပ်မံရေးဆွဲရန် မလိုအပ်ပါသောကြောင့် အဆိုအား မှတ်တမ်းတင်ထားပေးရန်သာဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်ဇင်ထွန်း**က အာမခံကုမ္ပဏီတစ်ခုခုသည် ငွေကြေးအခက်အခဲကြောင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် အာမခံလျော်ကြေးများကို မပေးနိုင်သည့်အခြေအနေဖြစ်ပေါ်လာပါက အာမခံထားရှိသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည့်စနစ်သည် လက်ရှိတွင် အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာအတွေ့အကြုံများကို လေ့လာ၍ အာမခံထားရှိသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည့် အာမခံထားရှိသူများ ကာကွယ်ရေးရန်ပုံငွေ (Insurance Policyholders Protection Fund) ကို ဥပဒေနှင့်အညီ ထူထောင်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အာမခံထားရှိသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် Insurance Policyholders Protection Fund တည်ထောင်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ရန်၊ ရန်ပုံငွေထည့်ဝင်မှု၊ စီမံခန့်ခွဲမှု၊ လျော်ကြေးပေးချေမှုနှင့် ကြီးကြပ်မှုစနစ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် အာမခံကုမ္ပဏီများ၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် အာမခံထားရှိသူများ၏ အခွင့်အရေးများကို ပိုမိုကာကွယ်နိုင်ရေးအတွက် လိုအပ်သောဥပဒေပြင်ဆင်မှုများကိုလည်း ဆောင်ရွက်စေလိုပါကြောင်းနှင့် ယခုအဆိုသည် အာမခံကုမ္ပဏီများနှင့် အာမခံထားရှိသူ ပြည်သူများအတွက် အကျိုးရှိသောအဆိုဖြစ်ပါသောကြောင့် လွှတ်တော်မှ အတည်ပြုပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးရန် ကျန်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို စတုတ္ထနေ့ အစည်းအဝေး ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ကယားတိုင်းရင်းသားတို့၏ အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပမည်

**လွိုင်ကော် စက်တင်ဘာ ၂၅**

ကယား တိုင်းရင်းသားတို့၏ မြတ်နိုးတန်ဖိုးထားရာ ယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်ဖြစ်သည့် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို အနှစ်သာရရှိစွာ ရိုးရာမပျက် ကျင်းပသွားမည် ဖြစ်ကြောင်း ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က မျိုးဆက်သစ်လူငယ်များ ရိုးရာဓလေ့ကို ချစ်မြတ်နိုး၍ အလေးထား ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည့်အတွက် ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနှင့် လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာများက အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘောလခဲမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဘောလခဲ စက်တင်ဘာ ၂၅**

ကယားပြည်နယ် ဘောလခဲမြို့နယ်ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်နှင့် ရှမ်းပိုင်းရပ်ကွက်ရှိ ပြည်သူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဘောလခဲမြို့ ရှမ်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ပြည်သူ ၃၀ ကျော် တက်ရောက်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးတင်ဆန်းဝေတို့က ရှင်းလင်းပြောကြားကာ ကယားပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရှမ်းပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ပို့ချခဲ့ကြောင်း သိရသည်။ **တင်ဆန်း**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားဘဝသည် နေရာတစ်နေရာတည်းတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရမည်ဟု မှတ်ယူ၍ မရဘဲ စေလွှတ်သည့်နေရာ၊ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်ရန် အမြဲအသင့်ဖြစ်နေရန်လိုကြောင်း၊ မည်သည့်တပ်ဖွဲ့မဆို ခြေလျင်တပ်ဖွဲ့ကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် လေ့ကျင့်တည်ဆောက်နေရန် လိုကြောင်း၊ ပြည်သူလူထုက တပ်မတော်အပေါ်ယုံကြည်မှု၊ ချစ်ခင်မှုရှိအောင် ကျင့်ဝတ်များနှင့်အညီ ထိတွေ့ဆက်ဆံနေရန်လိုကြောင်း၊ လက်ရှိအခြေအနေတွင် မြို့ကြီးများအား တည်ငြိမ်အေးချမ်းသောအခြေအနေဖြစ်အောင် တည်ဆောက်ထားပြီးဖြစ်၍ ၎င်းအခြေအနေကို ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် မြို့ပြတွင် အခြေပြုနေထိုင်သော တပ်များဖြစ်၍ ပညာရေး၊ ကျန်းမာရေး စသည့်အားသာချက်များစွာရှိသော်လည်း မိမိကိုယ်ကိုထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ပိုင်ဆိုင်ထားသည့် လူမှုဘဝအခွင့်အလမ်းများကိုလည်း အကျိုးရှိရှိ အသုံးချတတ်ရန်လိုအပ်ကြောင်း။

တပ်မတော်သားကောင်း တစ်ယောက်ဖြစ်ရန် အမိန့်နာခံမှုသည် အရေးကြီးကြောင်း၊ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်း ကောင်းမွန်စေမှုအတွက် ရည်ရွယ်ပြီး စစ်ရေးပြကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ စစ်သားကောင်းဖြစ်မှ တပ်ကောင်းမည် ဖြစ်သောကြောင့် စစ်သားကောင်းဖြစ်ခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုနှစ်ခုကို ပေါင်းစပ်ထားခြင်းကြောင့် အရာရှိ/ စစ်သည်များကို စစ်သားကောင်းများဖြစ်လာစေရေး အမြဲလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝမှုနှင့်ပတ်သက်၍ တပ်ဖွဲ့အလိုက် တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်တတ်ရန်လိုကြောင်း၊ ထို့အပြင် ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်နှင့် ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ပေးသွားရန် လိုကြောင်း၊ ဒုတိယတပ်မှူးများသည် တပ်မှူးများ၏မူဝါဒကို အကောင်အထည်ဖော်ရန်နှင့်တပ်မှူးများအတွက် အထောက်အပံ့ကောင်းပေးနိုင်ရန် လိုအပ်ပြီး တပ်၏ လေ့ကျင့်ရေးနှင့် စည်းကမ်းပိုင်းဆိုင်ရာများကို တာဝန်ယူ ကြပ်မတ်နေရန် လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုအားနည်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ ထိခိုက်နိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်၊ ကိုယ်ချင်းစာတရားများရှိနေရန် လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှု မရှိခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုနှင့် လက်အောက်ကို အလိုမလိုက်ရန်လိုကြောင်း၊ မိမိကိုယ်မိမိ အလိုလိုက်ပါက ပျက်စီးနိုင်ပြီး လက်အောက်ကို အလိုလိုက်လျှင်အမှုအခင်းများ၊ ပြဿနာများနှင့် ရှုပ်ထွေးလာနိုင်မည်ဖြစ်ကြောင်း။

ပြည်သူလူထု ဆက်ဆံရေးတွင် သာမက မိမိလက်အောက်ငယ်သားနှင့် ဆက်ဆံရာတွင်လည်း စေတနာထားပြီး ဆက်ဆံရန်လိုကြောင်း၊ စေတနာဆိုသည်မှာ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဖြစ်ရန်၊ မဖြစ်သင့် မဖြစ်ထိုက်သည်ကို မဖြစ်ရန်၊ စိတ်ကောင်းစေတနာကောင်းဖြင့် လုပ်ခြင်းသည် စေတနာပင်ဖြစ်ကြောင်း၊ မိဘကသားသမီးကိုထားသည့်စိတ်၊ ဆရာက တပည့်အပေါ်ထားသည့် စိတ်မျိုးသည် စေတနာပင်ဖြစ်ကြောင်း၊ အသက်ကြီးသည် ငယ်သည်မှာ အဓိက မဟုတ်ဘဲ တပ်မှူးနှင့် တပ်မှူး၏ဇနီးသည် တပ်၏ အမိအဖဖြစ်သည့်အတွက် လိုက်ပါနေထိုင်ရန်လိုကြောင်း၊ တပ်တွင်လိုက်နေသည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏ အလုပ်ကို ကူညီပေးရန်ဖြစ်ပြီး ဝင်ရောက်စွက်ဖက်ရန် မဟုတ်ကြောင်း။

အမျိုးသမီးစစ်မှုထမ်းနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များတွင် အားသာချက်များစွာရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်အကြီးအကဲတို့၏ အမြော်အမြင်ကြီးမှုဖြင့် နိုင်ငံတကာအဆင့်အတန်းမီအောင် စဉ်းစားဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လုပ်ဖော်ကိုင်ဖက်ကောင်းများအဖြစ် မောင်ရင်းနှမကဲ့သို့၊ သားသမီးအရင်းအချာကဲ့သို့ စောင့်ရှောက်ပေးရန် လိုကြောင်း၊ ထိန်းသိမ်းသွန်သင်ပေးရန် လိုအပ်သူများကိုလည်း လမ်းလွဲမရောက်အောင်စောင့်ရှောက်ပေးရန် လိုကြောင်း၊ အမျိုးသမီး စစ်မှုထမ်းများသည်လည်း တပ်မတော်၏ အဓိက အင်အားပင် ဖြစ်ကြောင်း၊ အမျိုးသမီးစစ်မှုထမ်းနှင့် ပတ်သက်လျှင် စည်းကမ်းတိတိကျကျ ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသမီးစစ်မှုထမ်းများအား ရည်ရွယ်ချက်ကြီးမားစွာ ခန့်အပ်ထားခြင်း ဖြစ်ကြောင်း၊ ထို့ပြင် တစ်ဖက်ကလည်း ရုံး/ဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးအရာရှိများနှင့် အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် အမျိုးသမီးအရာရှိများအား Social Media Network များ၌ အသုံးချမခံရစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ရဲမေများသည် တပ်မတော်၏ အရန်အင်အားများဖြစ်ပြီး မိခင်စိတ်ရှိသည့်အတွက်ကြောင့် အားကိုးရကြောင်း၊ ရဲမေများနှင့် ပတ်သက်လျှင် ၎င်းတို့သည် အိမ်ထောင်ဦးစီးကို အားကိုး၍ မိဘအိမ်မှ ခွဲထွက်လာခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် စောင့်ရှောက်ရန်တာဝန်ရှိပြီး အားလုံးက မိသားစုစိတ်မွေးရန် လိုကြောင်း၊ တပ်မတော်ရှိ အိမ်ထောင်သည် ရဲမေမိသားစုဝင်များသည် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားများပင် ဖြစ်၍ မိသားစုစည်းလုံးညီညွတ်ရေးမှ အစပြုပြီး စနစ်တကျစုဖွဲ့ လုပ်ဆောင်နိုင်ရေးအတွက် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်များအနေဖြင့် မှန်မှန်ကန်ကန်နှင့် လက်အောက်၏ သက်သာချောင်ချိရေးအပိုင်းကို ဆောင်ရွက်ပြီး လုပ်ဆောင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး တပ်များအပေါ် စေတနာထား၍ လုပ်ဆောင်ရန်လိုကြောင်း၊ စိုက်ပျိုး / မွေးမြူရေးကို အခြေခံသည့် သက်သာချောင်ချိရေးကိစ္စရပ်များ ထိထိရောက်ရောက်လုပ်ရန် လိုအပ်ကြောင်း၊ အရာရှိ၊ စစ်သည်များ တပ်နေပျော်စေရေးအတွက် သက်သာချောင်ချိရေးကိစ္စများသာမက တပ်များတွင်နေချင်စဖွယ်ဖြစ်အောင် တပ်သာယာလှပရေးလုပ်ငန်းများကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်ပေးသွားရန်လိုကြောင်း။

စိတ်ဓာတ်ဖြင့် တပ်တည်ဆောက်ခြင်းသည် ရာထူးတိုးမြှင့်ပေးခြင်း၊ ချင့်ခံစားခြင်း၊ သင်တန်းတက်ရောက်ခြင်း၊ အားကစားနှင့်ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ စစ်သည်များ၏ ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးတို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏စိတ်ဓာတ်မြင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့် လက်အောက်နှင့် အနီးကပ်တွေ့ဆုံပြီး လက်ပွန်းတတီးနေထိုင်ရန် လိုအပ်ကြောင်း။

တပ်မှူးများသည် တပ်ဖွဲ့အတွင်းရှိ ရဲဘော်များနှင့် မိသားစုဝင်များ၏ ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် စာဖတ်အား မြှင့်တင်ရေးလုပ်ရန် လိုကြောင်း၊ မိမိတို့ တပ်မတော်တွင် ပညာတတ်စစ်သည်များလာပါက စဉ်းစားတွေးခေါ်နိုင်စွမ်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ မိမိတို့ စစ်သည်များ တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားလာပါက အုပ်ချုပ်မှုဖြစ်စဉ်များလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စာဖတ်နိုင်ရန်အတွက်လည်း စာအုပ်များ ထားရှိရန်၊ စာဖတ်ချိန်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ရရှိသည့်အချိန်တွင် စာဖတ်နိုင်သည့် အခြေအနေရရှိစေရေး ဖန်တီးပေးရန် လိုကြောင်း။

မိသားစုဝင်သားသမီးများ ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့ တပ်မတော်သားများအနေဖြင့် သားသမီးများကိုပေးနိုင်သည်မှာ ပညာအမွေသာ ဖြစ်ကြောင်း၊ တပ်မတော်သား၊ မှီခိုသူများ၏ သားသမီးများအားလုံးသည် အနည်းဆုံး KG+9 (အခြေခံပညာအလယ်တန်းအဆင့်)အထိ ပညာသင်ကြားရမည်ဖြစ်ပြီး စံနမူနာပြအနေဖြင့် မှီခိုသူသားသမီးများအားလုံး အနည်းဆုံး KG+9 (အခြေခံပညာအလယ်တန်းအဆင့်)အထိ တက်ရောက်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တပ်ရင်း / တပ်ဖွဲ့များ အနေဖြင့် စည်းရုံးရေးနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သည်များကို လုပ်ဆောင်ပေးရန်လိုကြောင်း၊ တပ်မတော်လူငယ် ပညာရေးကျောင်းများ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီးပါက အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်(HR) ရရှိလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်တွင် အရန်အင်အားအနေဖြင့် စစ်မှုထမ်းဟောင်းများစွာရှိနေပြီး စစ်မှုထမ်းဟောင်းများ၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးများကို တတ်နိုင်သလောက် သက်ဆိုင်ရာနယ်မြေအလိုက် ထိတွေ့မှုမပြတ် လုပ်ဆောင်နေကြရန် လိုပြီး ၎င်းတို့၏ဇနီး၊ သား၊ သမီး၊ မိသားစုများကိုပါ စောင့်ရှောက်ပေးရန်လိုကြောင်း၊ အခက်အခဲတွေ့ကြုံလာပါက နှမချင်း၊ သားသမီးချင်းစာနာပြီး ၎င်းတို့၏ လိုအပ်ချက်ကို ကူညီပေးရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် တိုင်းစစ်ဌာနချုပ်များအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်ပေးလျက် ရှိကြောင်း၊ အဆိုပါအိမ်ရာများတွင် လာရောက်နေထိုင်ကြမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် အခြေခံစားကုန်များ၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးထားရန် လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးသည် မိမိတို့တပ်မတော်အတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍ မရနိုင်ဘဲ ယခင်ကတည်းက လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်မှု မည်မျှတိုးတက်သည်ကို သိမှသာ ကျန်သည့်စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်မှူးများ အားလုံးသည် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ပြည့်စုံနေရန် လိုကြောင်း၊ ခေါင်းဆောင်မှုမကောင်းလျှင် နောက်လိုက်ကောင်းလည်း မရနိုင်ကြောင်း၊ တပ်မှူးများအနေဖြင့် လက်အောက်ကို အမြဲတမ်းဆုံးမသွန်သင်ပေးရန်လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မှူး၊ အရာရှိကြီးများသည် တပ်မိသားစုနှင့်ထိတွေ့ရန် လိုသကဲ့သို့ ပြည်သူလူထုနှင့်လည်း အပြုသဘောဆောင်သည့် ထိတွေ့မှုရှိရန် လိုကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများသည် မိမိတပ်မိသားစုများနှင့် ထိတွေ့မှုများပင်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန်လုပ်ရန် လိုကြောင်း၊ Commander သည် အမုန်းခံရမည်၊ ပြောစရာရှိက ပြောရမည်၊ အရေးယူစရာရှိကယူရမည်၊ ချီးမြှင့်စရာရှိက ချီးမြှင့်ရမည်၊ နေရာပေးစရာရှိက နေရာပေးရမည်၊ အသိအမှတ်ပြုစရာရှိက အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် လက်အောက်၏အခြေအနေအမှန်ကို သိရှိရန်လိုကြောင်း။

တပ်မတော်တွင် သစ္စာဖောက်မှု၊ စစ်ဆင်ရေးမှုနှင့် မူးယစ်ဆေးဝါးမှုများသည် လုံးဝခွင့်လွှတ်၍မရသည့် အမှုများဖြစ်ပြီး ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ရိုးသားမှုနှင့် ကြိုးစားမှုကိုအခြေခံ၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် အမြဲတမ်းသစ္စာစောင့်သိစွာဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်



နေပြည်တော်  စက်တင်ဘာ ၂၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီ တပ်နယ်ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၃) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ် ရွေးချယ်သည်။**

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီး ချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်း ကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်း တွေ့ဆုံကာ သင်တန်း ကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း စားရိပ်သာ၌ ဗိုလ်လောင်းများ၊ ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ် တက်ရောက်

**နေပြည်တော်  စက်တင်ဘာ ၂၅**

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Liu Wei ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ် (Global Sustainable Transport Forum 2026 ) သို့ တက်ရောက်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ် (Global Sustainable Transport Forum 2026) ကို ကမ္ဘာ့ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးနိုင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Global Development Initiative – GDI) နှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအစီအမံ (Global Governance Initiative – GGI) တို့ကို ရှေ့သို့အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်၊ ထို့အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) နှင့် **“ကုလသမဂ္ဂ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး ဆယ်စုနှစ် ၂၀၂၆–၂၀၃၅”** (UN Decade of Sustainable Transport 2026–2035) တို့ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။





အဆိုပါဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဦးဆောင်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ၄၀ ခန့်နှင့် နိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဆိုင်ရာ အရာရှိကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖိုရမ်၏ ပထမနေ့ဖြစ်သော စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဖိုရမ်၏စုံညီအစည်းအဝေး (Plenary Session) တွင် ဖိုရမ်၏ အဓိကဆောင်ပုဒ်ဖြစ်သော “Sustainable Transport: Easier Movement of People and Smoother Flow of Goods” (ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး – လူသားတွေ ပိုမိုလွယ်ကူစွာ သွားလာနိုင်ရေးနဲ့ ကုန်စည်တွေ ပိုမိုချောမွေ့စွာ စီးဆင်းနိုင်ရေး) ခေါင်းစဉ်ဖြင့် အမှာစကား ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ဝန်ကြီးများဖိုရမ်ကို ဆက်လက်ကျင်းပရာ **“ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအမံ (GDI) နှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုယန္တရားအစီအမံ (GGI) တို့ကို အကောင်အထည်ဖော်ခြင်း”** ခေါင်းစဉ်အပေါ် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် ပို့ဆောင်ရေးဝန်ကြီးများက အပြုသဘော ထောက်ခံဆွေးနွေးကြပြီး **“ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်”** ကို အတည်ပြုကြသည်။

ဖိုရမ်၏ ဒုတိယနေ့တွင် အထူးပြုဆွေးနွေးပွဲ (Thematic Session) များကို ခေါင်းစဉ်များအလိုက် ဆက်လက်ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ် အဆင့်မြင့်အရာရှိကြီးများက တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် သီးခြားတွေ့ဆုံခဲ့ပြီး ပို့ဆောင်ရေးကဏ္ဍတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့် နှစ်နိုင်ငံသယ်ယူပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ပိုမိုတိုးမြှင့်သွားရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး အပြုသဘောဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ဆောင်မှုဌာနမှ တာဝန်ရှိသူ အဆင့်မြင့်အရာရှိများ ပါဝင်သောအဖွဲ့တို့ သီးခြားတွေ့ဆုံပြီး နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ “မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (Greater Mekong Subregion Cross–Border Transport Facilitation Agreement–GMS–CBTA)” ကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ဖက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်စောက်မြို့နယ်၌ မွေးမြူရေးတိရစ္ဆာန်အစာပင် မြက်မျိုးများ စိုက်ပျိုး

**ရပ်စောက်  စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်းအထွေထွေစရိတ်) ခွင့်ပြုရန်ပုံငွေဖြင့် မွေးမြူရေး တိရစ္ဆာန်အစာပင် မြက်မျိုးများ ဖြန့်ဖြူးစိုက်ပျိုးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက စက်တင်ဘာအတွင်း ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ စိုက်ပျိုးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရပ်စောက်မြို့နယ် အတွင်းရှိ မြောင်းတော်ကျေးရွာ၊ နမ့်ပါမွန်းကျေးရွာနှင့် လဲချားကျေးရွာများသို့ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းဇော် ခေါင်းဆောင်၍ ဝန်ထမ်းများက မြက်မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးထားသည့် ကျေးရွာများနှင့် ဆက်လက်ဖြန့်ဖြူးမည့် မွေးမြူရေး တောင်သူများထံသို့ မြက်မျိုးများ ဖြန့်ဖြူးပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများနှင့် ပူးပေါင်းကာ မွန်ဘားဆားမြက်နှင့် ရူဇီမြက် စသည့်မြက်မျိုး ငါးဧကကို စိုက်ပျိုးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဝါးကြီးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ထန်းလိန်းကီးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံ (International Conference on Combating Online Scams) သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး "ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်လာသော အွန်လိုင်းငွေလိမ်ဂိုဏ်းများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ညီလာခံသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် သတ်မှတ်ကာ ရာဇဝတ်ကွင်းဆက်များကို အမြစ်ပြတ် ချိုးဖျက်ရန် ခိုင်မာပြတ်သားစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုညီလာခံ၏ ဆောင်ပုဒ်ဖြစ်သည့် Acting together towards breaking the chain and eradication of online scams (အွန်လိုင်းလိမ်လည်မှုများအား အမြစ်ပြတ်ချေမှုန်းနိုင်ရေးနှင့် ရာဇဝတ်ကွင်းဆက်များကို ဖြတ်တောက်ချိုးဖျက်နိုင်ရေးအတွက် လက်တွဲညီညီ စုပေါင်းဆောင်ရွက်ခြင်း) ဟူသော မျှော်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ရှေ့တန်းမှတက်ကြွစွာ ပါဝင်လျက်ရှိပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးသည် အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေတာဝန်ယူမှုတို့ဖြင့် လက်တွေ့မြေပြင်တွင် ချက်ချင်းအရေးယူဆောင်ရွက်ရမည့် အချိန်ဖြစ်ပါကြောင်း၊ လက်တွဲညီညီ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ရာဇဝတ်ကွင်းဆက်အားလုံးကို ချိုးဖျက်နိုင်ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တွန်းလှန်တိုက်ဖျက်သွားနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yang Weilin ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်နိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး Mr. Sar Sokha နှင့်တွေ့ဆုံ၍ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအပါအဝင် နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး မွန်းလွဲပိုင်းတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ညီလာခံပိတ်ပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ မျှဝေဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်များ ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများနှင့် ဆက်သွယ်သည့် Class A,Class B နှင့် Class C အဆင့် လမ်းများတိုးချဲ့ဆောင်ရွက်ရေးနှင့် လုပ်ငန်းများမထပ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်/ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန် ဟူသော မဟာဗျူဟာချမှတ်ချက်နှင့်အညီ ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့တွင်သာမက ဖွံ့ဖြိုးမှု အားနည်းသောဒေသများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ မူဝါဒများနှင့်အညီ ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းတံတား လုပ်ငန်းများဖြစ်သည့် ကျေးရွာချင်းဆက် လမ်းများ၊ ကုန်ထုတ်လမ်းများ၊ Class A, Calss Bနှင့် Calss C အဆင့် လမ်းများအား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် လမ်းများတိုးချဲ့ဆောင်ရွက်ရေးနှင့် လုပ်ငန်းများ မထပ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၏ ပြောကြားချက်အရ သိရသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဓိကအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဒေသများကို အခြေခံ၍ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်း၊ တံတား လုပ်ငန်းများကို လုပ်ငန်း လိုအပ်ချက်ရှိသည့်အတိုင်း ကွင်းဆင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာ၌ အမှန်တကယ်လိုအပ်ချက်ရှိသည့် လမ်းပိုင်းများကို လျာထားဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ လမ်းတံတား လုပ်ငန်းများ၊ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းများ၊ လမ်းအဆင့် သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လျာထားလုပ်ငန်းများ၊ လမ်းအဆင့် သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Task Group မှ ဖျက်သင်္ဘော Tang Shan ၊ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိနေစဉ် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစစ်ရေယာဉ်များပေါ်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော Senior Captain Xu Fang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ဖျက်သင်္ဘော Tang Shan ပေါ်တွင် ရေယာဉ်တာဝန်ကျတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ယင်းနောက် စစ်ရေယာဉ်မှူးနှင့် တာဝန်ရှိသူများက ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ဆက်လက်၍ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့ပေါ်သို့ တက်ရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## (၂၅-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၄,၉၅၈,၅၉၅.၃၉ | ၅၆,၉၃၇,၄၅၄.၉၃ | ၄၄,၈၂၃,၂၀၇.၅၈ | |

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကမ္ဘာ့သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံးနိုင်ငံအဖြစ် ဖိလစ်ပိုင် ဆက်လက်ရပ်တည်

**မနီလာ စက်တင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၆ ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အညွှန်းကိန်းတွင် ၄၆ ဒသမ ၆၉ မှတ်ဖြင့် ကမ္ဘာပေါ်တွင်သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း စက်တင်ဘာ ၂၄ ရက်က ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဂျာမနီသုတေသန အဖွဲ့အစည်းများက ထုတ်ပြန်ခဲ့သည့် အဆိုပါအညွှန်းကိန်းတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံက ၄၄ ဒသမ ၉၇ မှတ်ဖြင့် ဒုတိယမြောက်သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံးနိုင်ငံအဖြစ်ရှိနေပြီး ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံက ၄၄ ဒသမ ၆၃ မှတ်ဖြင့် တတိယမြောက်ဘေးအန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံးနိုင်ငံအဖြစ် ရှိနေသည်။

ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အညွှန်းကိန်းကို သဘာဝဘေးအန္တရာယ် ကြုံတွေ့ရနိုင်ခြေအပြင် ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းနှင့် ပြုပြင်ပြောင်းလဲနိုင်စွမ်းအပါအဝင် လူမှုအဖွဲ့အစည်း၏ ထိခိုက်လွယ်နိုင်စွမ်းစသည့် အဓိကအချက်များပေါ်တွင် အခြေခံ၍ ချင့်တွက်အကဲဖြတ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ ပထဝီဝင်အနေအထားကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံးစာရင်းတွင် အစဉ်အမြဲ ပါဝင်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးတောင်စက်ဝန်းတစ်လျှောက် တည်ရှိသောကြောင့် ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ပိုင်းတွင် တည်ရှိသောကြောင့် အပူပိုင်းမုန်တိုင်းများ မကြာခဏဝင်ရောက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပွားခြင်း စသည့်သဘာဝဘေးများနှင့်လည်း ကြုံတွေ့ရကြောင်း သိရသည်။



**ဆင်ဟွာ**

---

## ဩစတြေးလျ၌ မက်သ်ဖက်တမင်းကြောင့် ထိခိုက်နစ်နာမှုမြင့်တက်

**ဆစ်ဒနီ စက်တင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံ၌ မက်သ်ဖက်တမင်းနှင့်ဆက်စပ်၍ သေဆုံးမှု၊ ဆေးရုံတက်ရောက်မှုနှင့်သုံးစွဲမှုများ စံချိန်တင်အဆင့် ရောက်ရှိခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါးကြောင့် ထိခိုက်နစ်နာမှုများ ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း သုတေသီများက သတိပေးထားသည်ဟု စက်တင်ဘာ ၂၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေး၊ အဓိကအားဖြင့် မက်သ်ဖက်တမင်းကြောင့် လူပေါင်း ၇၅၃ ဦး ဆေးလွန်ပြီး သေဆုံးခဲ့ရာ ယင်းပမာဏမှာ လူတစ်သိန်းလျှင် ၂ ဒသမ ၉ ဦးနှုန်း သေဆုံးခြင်းဖြစ်ကြောင်း အမျိုးသားမူးယစ်ဆေးဝါးနှင့် အရက်သုတေသနစင်တာက ထုတ်ပြန်ထားသည်။ ဩစတြေးလျနိုင်ငံ၌ အလားတူ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း မက်သ်ဖက်တမင်းသုံးစွဲမှုကြောင့် ဆေးရုံတက်ရောက်ရသူ ၁၄၀၀၀ နီးပါးရှိရာ ယင်းပမာဏမှာ မူးယစ်ဆေးဝါးနှင့်ဆက်စပ်၍ ဆေးရုံတက်ရောက်ရသူအားလုံး၏ ၂၄ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

---

## လုပ်သားရှားပါးမှုကို ဖြေရှင်းရန် ရေတို၊ ရေရှည်စီမံကိန်းများ လာအိုရေးဆွဲလျက်ရှိ

**ဗီယင်ကျန်း စက်တင်ဘာ ၂၅**

လာအိုနိုင်ငံသည် ပြည်တွင်း၌ ကြုံတွေ့နေသည့် လုပ်သားရှားပါးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်ဈေးကွက်အတွင်း လုပ်သားထောက်ပံ့မှုနှင့် လိုအပ်ချက်ကိုမျှတစေရန် ရည်ရွယ်၍ ရေတိုနှင့် ရေရှည်စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်



မိတ်ဖက်အဖွဲ့အစည်းများနှင့်သာမက သင့်လျော်သည့် အခြားအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်း၍ ပြည်တွင်းလုပ်သားဈေးကွက်အတွင်းရှိ စိန်ခေါ်မှုများနှင့် လုပ်သားလိုအပ်ချက်နှင့် ထောက်ပံ့ပေးနိုင်မှုဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို မြို့တော်ဗီယင်ကျန်းတွင် စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ လူမှုစီးပွားရေးအပြောင်းအလဲများ၊ နည်းပညာတိုးတက်မှုများ၊ ငွေကြေးဖောင်းပွမှုနှင့် လူနေမှုစရိတ်မြင့်တက်လာမှုတို့က ပြည်သူတို့၏ အလုပ်အကိုင်နှင့် လုပ်ငန်းများအပေါ် သက်ရောက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

လျင်မြန်စွာပြောင်းလဲနေသော လူမှုစီးပွားပတ်ဝန်းကျင်နှင့် နည်းပညာဆန်းသစ်တီထွင်မှုများသည် နိုင်ငံ၏ လုပ်ငန်းခွင်ကဏ္ဍကို များစွာအကျိုးသက်ရောက်စေကြောင်း၊ ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေသည့် စဉ်ဆက်မပြတ် ငွေကြေးဖောင်းပွမှုဒဏ်များကြောင့် လာအိုပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထိခိုက်စေကြောင်း၊ အဆိုပါ အခြေအနေများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအပေါ် အဟန့်အတားဖြစ်စေကြောင်း အလုပ်သမားရေးရာဌာန ညွှန်ကြားရေးမှူးချုပ် အနုဆွန်က ပြောသည်။ **ဆင်ဟွာ**

---

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အာဖဂန်နစ္စတန်မြောက်ပိုင်း၌ အမေရိကန်ဒေါ်လာ သုံးသိန်းတန် စာသင်ကျောင်းဆောက်လုပ်

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ခွန်ဒက်ဇ်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ တန်ဖိုးရှိ စာသင်ကျောင်းတစ်ကျောင်းကို ဒေသခံအာဏာပိုင်များက ဆောက်လုပ်နေသည်ဟု အာဖဂန်နစ္စတန် ရုပ်သံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂၅ ရက်က ဖော်ပြထားသည်။

အခန်း ၁၂ ခန်းပါဝင်သည့် အဆိုပါအဆောက်အအုံသည် ကလေးရာနှင့်ချီ၍ စာသင်ကြားနိုင်မည်ဖြစ်သည်။ ပညာရေးမြှင့်တင်ရေးအတွက် အရေးပါသည့် ဆောင်ရွက်ချက်ဖြစ်သဖြင့် ဒေသခံများက ကြိုဆိုကြပြီး ပြည်နယ်အတွင်း ကျောင်းများ ပိုမိုဆောက်လုပ်ပေးရန်လည်း အစိုးရထံ တောင်းဆိုခဲ့ကြသည်။ **ဆင်ဟွာ**

### အေသင်မြို့လယ်၌ ပြင်းထန်သောပေါက်ကွဲမှုဖြစ်ပွား

ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ နှစ်ထပ်အဆောက်အအုံတစ်လုံးတွင် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပြင်းထန်သောပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အဆောက်အအုံအစိတ်အပိုင်းအချို့ ပြိုကျခဲ့ပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂရိနိုင်ငံပိုင်ရုပ်သံလွှင့်ဌာန ERT ၏ဖော်ပြချက်အရ သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ကနဦး စုံစမ်းစစ်ဆေးမှုများအရ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်နိုင်ခြေရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၈၃ ဦးကို တူကီယဲဖမ်းဆီး

တူကီယဲလုံခြုံရေးတပ်ဖွဲ့များသည် ပြည်နယ် ၂၈ ခုတွင် အိုင်အက်စ်အဖွဲ့ကို ပစ်မှတ်ထားသည့် စစ်ဆင်ရေးအတွင်း သံသယရှိသူ ၈၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။ တူကီယဲသည် ၂၀၁၃ ခုနှစ်အတွင်း အိုင်အက်စ်ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

---

## နီပေါနိုင်ငံ ရေဘေးသင့်ဒေသမှ ပြည်သူများကို နေရာပြောင်းရွှေ့ချထားမည်

**ခတ္တမန်ဒူ စက်တင်ဘာ ၂၅**

နီပေါနိုင်ငံ၌ ပြီးခဲ့သည့်လအတွင်း ရုတ်တရက် ရေကြီးမှုနှင့် ရွံ့နွံများ စီးဆင်းမှုဖြစ်ပွားခဲ့သည့် ဒေသမှ ဒေသခံများကို လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာချထားပေးရန် စီစဉ်နေသည်ဟု အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဒဟာလရမ်ရာ့ဂျ် ပရစ်တီက စက်တင်ဘာ ၂၄ ရက်တွင် အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၅ ရက်သည် နီပေါနိုင်ငံ၌ ရုတ်တရက်ရေကြီးမှု သဘာဝဘေးဖြစ်စဉ်ဖြစ်ပွားခဲ့သည့် တစ်လပြည့်မြောက်သည့်နေ့ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် မြစ်ကမ်းနံဘေးနှင့် အခြားဒေသများသည် လူနေအိမ်ရာများ အခြေချနေထိုင်ရန် လုံခြုံမှုမရှိကြောင်း ကြေညာရန် အစိုးရက စီစဉ်ထားသည်ဟု ၎င်းက ဆက်ပြောသည်။ ရေရှည်အခြေချနေထိုင်နိုင်မည့် လုံခြုံစိတ်ချရသောနေရာများကို အစိုးရက ရွေးချယ်နေသည်ဟု ၎င်းက ဆက်ပြောသည်။

စာသင်ကျောင်းများ၊ ဆေးရုံများနှင့် အခြားအဆောက်အအုံများကို ပြောင်းရွှေ့နေရာချထားရန်လည်း ဆောင်ရွက်နေကြောင်း ၎င်းက ဆက်ပြောသည်။ ပြောင်းရွှေ့နေရာချထားမှုကို လာမည့်သီတင်းပတ်အနည်းငယ်အတွင်း စတင်နိုင်မည်ဖြစ်ပြီး အာဏာပိုင်များက ယာယီအိမ်ရာများကို ပြင်ဆင်နေသည်။

ရုတ်တရက်ရေကြီးမှုနှင့် ရွံ့နွံများ စီးဆင်းမှုကြောင့် လူပေါင်း ၁၄၅၃ ဦး သေဆုံးခဲ့ပြီး ၅၆၀၀ ကျော် ပျောက်ဆုံးခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**

---

## ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစားအစာနှင့်ဆေးဝါးအပါအဝင် အကူအညီများ အီဂျစ်ပေးပို့

**ကိုင်ရို စက်တင်ဘာ ၂၅**

ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီယာဉ်တန်းကို စက်တင်ဘာ ၂၄ ရက်တွင် အီဂျစ်လခြမ်းနီအသင်းက ပေးပို့ခဲ့ရာ အဆိုပါယာဉ်တန်းသည် အကူအညီပစ္စည်း တန်ချိန် ၄၀၀၀ ကျော် တင်ဆောင်လာပြီး အစားအသောက် တန်ချိန် ၂၁၀၇၊ ဆေးဝါးတန်ချိန် ၁၈၈ နှင့် ဆေးရုံနှင့် အခြားအဆောက်အအုံများတွင် အသုံးပြုရန် လောင်စာဆီ တန်ချိန် ၁၇၃၃ တင်ဆောင်လာသည်ဟု အီဂျစ်လခြမ်းနီအသင်းက ကြေညာခဲ့သည်။

အီဂျစ်လခြမ်းနီအသင်းက ဂါဇာဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင် စတင်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ပေးပို့သည့် ယာဉ်တန်းသည် ၂၈၃ ကြိမ်မြောက် အကူအညီပစ္စည်းတင်ယာဉ်တန်းဖြစ်ကြောင်း အီဂျစ်လခြမ်းနီအသင်းက ပြောသည်။ **ဆင်ဟွာ**



## နိုင်ငံတော်အဆင့်တွင်သာမက အာဆီယံအဆင့်တွင်ပါ Skill Standard ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၅**

CMP လုပ်ငန်းနှင့် အဓိကသက်ဆိုင်သည့် Skills Labour များ အများဆုံးမွေးထုတ်ပေးနိုင်ရန် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်၍ နိုင်ငံတော်အဆင့်တွင်သာမက အာဆီယံအဆင့်တွင်ပါ Skill Standard ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအတွက်သာမက CMP လုပ်ငန်းများနှင့် သက်ဆိုင်သည့် အလုပ်ရှင်၊ အလုပ်သမားကိစ္စများ၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးကိစ္စများနှင့်ပတ်သက်ပြီး သုံးပွင့်ဆိုင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (Cutting, Making and Packing-CMP) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လက်ရှိတွင် မြေပြင်ကွင်းဆင်းစစ်ဆေးမှုအရလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းမှုအရ လည်းကောင်း လုပ်ငန်းပိုင်ရှင်များမှ တင်ပြမှုများအပေါ် စီးပွားရေးလုပ်ငန်းများကို မလိုအပ်ဘဲ ကြန့်ကြာအောင် ဆောင်ရွက်သည့်ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများအရ ကြန့်ကြာမှုများရှိပါက အဆင်ပြေချောမွေ့စေရေး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် မူဝါဒနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုမြန်ဆန်စေရေး ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ CMP လုပ်ငန်းများစစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် CMP သွင်းကုန်၊ ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့မှုများအပေါ် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးနိုင်တို့က စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများပေးရခြင်း၏ ရည်ရွယ်ချက်နှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေးနှင့် ဓာတုဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နည်းစနစ်ဖြင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများမှ ဝါသီးနံမျိုးစေ့ထုတ်နှင့် ပန်းတိုင်ထွက်နှုန်းရရှိရေး စိုက်ပျိုးသည့် အကျိုးဆောင်တောင်သူ ၂၁၅ ဦး စိုက်ပျိုးသည့် ၈၈၉ ဧကအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၁၁ အိတ်တို့ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

■ *ကျောဖုံးမှ*

အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၂၃ ဦးအား လက်ခံကြိုဆိုခြင်းနှင့် ဆုကြေးငွေများ ထောက်ပံ့ပေးခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား အသိပညာပေးစကား ပြောကြားခဲ့သည်။ ထို့နောက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်ခဲယမ်းများကို အပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဆုကြေးငွေနှင့် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ ကိုယ်စား ဥပဒေဘောင်အတွင်း ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသော PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့မှ ကျား တစ်ဦး၊ နတ္တလင်းမြို့မှ ကျား တစ်ဦး၊ သံတောင်ကြီးမြို့မှ ကျား နှစ်ဦး၊ ဖြူးမြို့မှ ကျား တစ်ဦး၊ အုတ်ဖိုမြို့မှ ကျားလေးဦး၊ မ တစ်ဦး၊ ကျောက်တံခါးမြို့မှ ကျား လေးဦး၊ မင်းလှမြို့မှ ကျား တစ်ဦး၊ မ တစ်ဦး၊ ပြည်မြို့မှ ကျား တစ်ဦး၊ အုတ်တွင်းမြို့မှ ကျား နှစ်ဦး၊ ရေတာရှည်မြို့မှ ကျားလေးဦး စုစုပေါင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ကျား ၂၁ ဦး၊ မနှစ်ဦးတို့အား ၎င်းတို့နှင့်အတူ ပါရှိလာသော မောင်းပြန်ရိုင်ဖယ်သေနတ်ငါးလက်၊ ပစ္စတိုသေနတ်တစ်လက်၊ လက်ပစ်ဗုံးငါးလုံး၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအတွက် ဆုကြေးငွေအဖြစ် မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်လျှင် ကျပ်သိန်း ၅၀ နှုန်းဖြင့် ငါးလက်အတွက် ကျပ်သိန်း ၂၅၀၊ ပစ္စတိုသေနတ်တစ်လက်အတွက် ကျပ်သိန်း ၃၀၊ လက်ပစ်ဗုံးတစ်လုံးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ငါးလုံးအတွက် ၁၅သိန်း၊ အလင်းဝင်သူတစ်ဦးလျှင် ကျပ် နှစ်သိန်းနှုန်းဖြင့် ၂၃ ဦးအတွက် ၄၆ သိန်း စုစုပေါင်း ငွေကျပ် ၃၄၁ သိန်းကို ထောက်ပံ့ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့ အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့် ဗိုလ်ကျခြင်း၊ လူမျိုးရေးခွဲခြား ဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြား ဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)များ ဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်း မရှိခြင်း၊ အသက်ရှင်သန်ရေးအတွက် အခက်အခဲ ဒုက္ခမျိုးစုံကြားမှ ထွက်ပြေး တိမ်းရှောင်နေရခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည် သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ် ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-




အသက်ကတော့ ၁၇ နှစ်ပါ။ အိမ်နဲ့စိတ်ဆိုးပြီးတော့ သူငယ်ချင်းခေါ်လို့ လိုက်သွားခဲ့တာဖြစ်ပါတယ်။ အနေဆင်းရဲ အစားဆင်းရဲနဲ့ ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ လူငယ်တစ်ယောက်ကို အခွင့်အရေးမပေးဘဲ သူတို့သတ်မှတ်ထားတဲ့ စည်းကမ်းအောက်မှာပဲ သွားရတာဆိုတော့ ကိုယ်လည်း ကျောင်းတွေဘာတွေ ပြန်တက်ချင်တာနဲ့ အလင်းဝင်ဖို့ စတင်ဆုံးဖြတ်ခဲ့တာပါ။ ပထမဦးဆုံးတစ်ခါတုန်းက ပြန်မိသွားလို့ ပြန်ထိန်းသိမ်းခံထားခဲ့ရပြီး ဒုတိယတစ်ခါမှာတော့ ခုညကပဲ ဆက်သွယ်ပြီး ညတွင်းချင်း တန်းပြီးတော့လာခဲ့တာ သူငယ်ချင်း သုံးယောက် တစ်ယောက် တစ်လက်နဲ့ လာရောက်ခဲ့တာဖြစ်ပါတယ်။ သတ်မယ်၊ ဖြတ်မယ်ဆိုတဲ့ သတင်းမှားတွေ ကြုံဖူးခဲ့ပေမယ့် အခုတော့ ကောင်းကောင်းမွန်မွန်ပဲ စားသောက်ရပြီး နေရထိုင်ရတာလည်း လက်ဖျားနဲ့တောင်မထိပါဘူး။ ညတွင်းချင်းဆက်သွယ်ပြီး တန်းရောက်လာခဲ့တာ အိမ်ပြန်ရတော့မယ်ဆိုတော့ ညကတောင် အိပ်မပျော်ပါဘူး။ ဒါကြောင့် အမြန်ဆုံးအလင်းဝင်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ကိုယ့်အသက်ကို အလကားသက်သက် အဆုံးရှုံးမခံဘဲ အိမ်မှာ မိဘတွေ စောင့်နေကြတာကို သတိရကြပါလို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့်အလိုရှိတရားခံပြေးတစ်ဦးကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်းအသုံးပြု၍ နိုင်ငံဖြတ်ကျော် မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးကို ဗီယက်နမ်နိုင်ငံမှ ဖမ်းဆီးရမိခဲ့သဖြင့်၎င်းအား ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက်တွင် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီး၌ တရားခံ နှစ်ဦးနှင့်အတူ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဒလမြို့ ရန်ကုန်မြစ်ကမ်းဘေးရှိ မိဘမေတ္တာစက်လှေပေါ်မှ တရားခံ ၁၀ ဦးနှင့်အတူ အိုက်စ်(မက်သ်အဖက်တမင်း) ၃၁၀ ကီလို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၂၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၈၁၀ ကီလိုကိုပင်လယ်ရေကြောင်းအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအိုက်စ်(မက်သ်အဖက်တမင်း)များအား ပင်လယ်ရေကြောင်းအသုံးပြု၍ နိုင်ငံဖြတ်ကျော် မူးယစ်မှုခင်းကျူးလွန်သူ အဓိကတရားခံမှာ မော်ဘီမြို့နယ် ညောင်ပင်သာရွာနေ ဝီလျံထွန်း ကုမ္ပဏီပိုင်ရှင် ဝေထွန်း(၄၈)နှစ်ဖြစ်ပြီး ၎င်းမှာ ဇွန် ၂၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့သို့ သတင်းဖလှယ်ခဲ့ရာ ၎င်းအား မလေးရှားနိုင်ငံမှ စောင့်ကြည့်နေစဉ် ဇူလိုင် ၈ ရက်တွင် မလေးရှားနိုင်ငံ Ferry Port ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့တို့နှင့် ဆက်လက် သတင်းဖလှယ်ခဲ့သည်။

ထိုသို့ သတင်းဖလှယ်ချက်အရ ဩဂုတ် ၉ ရက်တွင် စင်ကာပူနိုင်ငံမှလေကြောင်းဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ဗီယက်နမ်နိုင်ငံသို့ ဆက်လက် သတင်းဖလှယ်ခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ဝေထွန်းအား ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား စက်တင်ဘာ ၂၄ ရက် ဗီယက်နမ်နိုင်ငံ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲတပ်ဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် Pol. Sr. Col. Hoang Tam Hieu ဦးဆောင်သည့်အဖွဲ့က ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်လင်း ဦးဆောင်သည့်အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့်ချမှတ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများအား နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ယခုကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အလိုရှိ တရားခံပြေး ဝေထွန်းအား ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံ အနေဖြင့်လည်း ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး ၁၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး တစ်ဦးတို့ကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည့်အပြင် နိုင်ငံဖြတ်ကျော် မူးယစ်မှုခင်းများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းက မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာဝန်သိပြည်သူများနှင့် အတွင်းသတင်းပေးများ၏ ပူးပေါင်းမှုဖြင့် တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုနေရာအား ထိရောက်စွာချေမှုန်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

CRPH၊ NUG အကြမ်းဖက်အုပ်စုများ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ တိုက်ပွဲစဉ်များ၏ နောက်ဆက်တွဲအခြေအနေများကို အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် ၎င်းတို့၏စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းလုပ်ဆောင်ခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ဖြင့် ရယူရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အကူအညီများရယူပြီး PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကို ရှေ့တန်းတင်အသုံးချကာ မြို့/ရွာများအတွင်း လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျ ဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက်ကာ တိုက်ပွဲများဖော်ဆောင်ခဲ့ကြသည်။

PDF အမည်ခံအဖွဲ့အစည်းအမျိုးမျိုးမှ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့/ရွာများတွင် အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာစေရန်နှင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်လျက် ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ယာယီခံစစ်များပြုလုပ်ခြင်း၊ ဘန်ကာများဆောက်လုပ်၍ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ကြရသည်။

အေးချမ်းစွာ လုပ်ကိုင်နေထိုင်လိုသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အချင်းချင်းဗိုလ်ကျနှိပ်စက်မှုကိုခံနေရပြီး အကြမ်းဖက်လုပ်ရပ်များကို မနှစ်မြို့တော့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်အချို့အနေဖြင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ တရားဥပဒေမဲ့ကျူးလွန်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များကို လွန်စွာစက်ဆုပ်ရွံရှာမုန်းတီးလျက်ရှိကြပြီး လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို နီးစပ်ရာတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံသို့ တာဝန်သိစိတ်အပြည့်ဖြင့် လာရောက်သတင်းပေးပို့ခဲ့ကြကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အဆိုပါတာဝန်သိပြည်သူများနှင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အတွင်းလူအချို့၏ သတင်းပေးပို့မှုများအား စနစ်တကျစိစစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် ပဲခူးတိုင်းနှင့် မွန်ပြည်နယ် နယ်စပ်ရှိ NUG အကြမ်းဖက်အဖွဲ့များခိုအောင်းရာ ၎င်းတို့၏အခေါ်အရ အထူးတိုင်း စစ်ဌာနချုပ်နေရာအား လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများနှင့် ဝေဟင်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ သေဆုံးထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအား တပ်မတော်စစ်ကြောင်းများက စနစ်တကျထောက်လှမ်းလေ့လာပြီး ဝေဟင်မှ ထိရောက်စွာချေမှုန်းနိုင်ခဲ့မှုကြောင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးမှုများ ပျက်စီးထိခိုက်မှုများစွာ ဖြစ်ပေါ်အောင် လုပ်ဆောင်ခဲ့ကြသည့် DCS စစ်ပြေး နေဝင်းအောင်မှာ သေဆုံးခဲ့ပြီး DCS စစ်ပြေး တင်လင်းအောင်နှင့် NUG အထူးတိုင်းစစ်ဌာနချုပ်မှ တိုင်းကွပ်ကဲရေးမှူး အဆင့်ရှိသူ အောင်စံရှားတို့အပါအဝင် NUG အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်အချို့နှင့်အဖွဲ့ဝင်များ ပြင်းထန်စွာဒဏ်ရာရရှိခြင်းများနှင့် ထိခိုက်သေဆုံးခြင်းများစွာဖြစ်ပွားခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ DCS စစ်ပြေးနှစ်ဦးဖြစ်သည့် နေဝင်းအောင်နှင့် တင်လင်းအောင်တို့သည် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ပြီး အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များထံ ခိုလှုံ၍ နိုင်ငံတော်နှင့် တပ်မတော်၏ကျေးဇူးသစ္စာကို အကြိမ်ကြိမ်စော်ကားခဲ့ကာ သစ္စာရှိစွာဖြင့် နိုင်ငံတော်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအပေါ် ဆဲရေးတိုင်းထွာခြင်း၊ သစ္စာမဲ့လုပ်ရပ်များအား ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်ခဲ့သူများဖြစ်သောကြောင့် ယခုကဲ့သို့ သစ္စာစူး၍ ဘဝနိဂုံးချုပ်ကြရသူများဖြစ်ကြောင်း ပြည်သူလူထုအကြား ပြစ်တင်ရှုတ်ချ ဝေဖန်ပြောဆိုမှုများစွာ ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေခြင်းများသည် အဆိုပါဒေသအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေခြင်း၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးနှင့် ဘဝတက်လမ်းကို များစွာထိခိုက်နစ်နာစေခြင်းတို့ ဖြစ်ပေါ်လျက်ရှိသဖြင့် အေးချမ်းစွာနေထိုင် လုပ်ကိုင်လိုသည့် တာဝန်သိပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ် အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးစခန်းများနှင့် ချိတ်ဆက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုနေထိုင်မှု၊ လှုပ်ရှားသွားလာမှုနှင့် အကြမ်းဖက်လုပ်ရပ်များ ဥပဒေမဲ့ကျူးလွန်မှုစသည့် သတင်းများကို လျှို့ဝှက်စွာပေးပို့ တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူအား ထိုက်တန်သည့် ဆုကြေးများကို လျှို့ဝှက်စွာ ချီးမြှင့်ပေးအပ်လျက်ရှိသည်။ ယခုဖြစ်စဉ်တွင် တပ်မတော်အနေဖြင့် ဝေဟင်နှင့် မြေပြင်တို့မှ တိကျစွာ ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ခြင်းသည် အကြမ်းဖက်မှုများအား မလိုလားသည့် အတွင်းသတင်းပေးများ၏ တိကျသော သတင်းပေးပို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့်ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များအားယုတ်မာရိုင်းစိုင်းစွာဖြင့် ဥပဒေမဲ့ကျူးလွန်ခြင်းမရှိစေရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) ကို တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သလို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

ချေပဂိုးရရှိရေး ကြိုးပမ်းမှုများကြောင့် ပွဲချိန်ပြည့်သည်အထိ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။

အသက် ၄၁ နှစ်အရွယ် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဂိုးပေါက်ကန်သွင်းမှု ခုနစ်ကြိမ် ထက်မနည်း ရှိခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းသည် ပွဲချိန် ၅၉ မိနစ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပေါ်တူဂီအသင်းအတွက် တစ်လုံးသော အနိုင်ဂိုးကို နူနိုမန်းဒက်စ်၏ ဖန်တီးမှုမှ ဂျာအိုဖီးလစ်က ပွဲချိန် ၂၂ မိနစ်တွင် သွင်းယူပေးခဲ့သည်။

အခြား ပွဲစဉ်ရလဒ်တွင် တစ်ယောက်လျော့ နော်ဝေက ဒိန်းမတ်ကို သုံးဂိုး-နှစ်ဂိုး၊ ဂရိက ဆားဘီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး နယ်သာလန်နှင့် ဂျာမနီအသင်းပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ယင်းပွဲစဉ်တွင် ဂျာမနီအသင်းသည် နီမန်ချာ၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခွင့်ပြုပေးခဲ့သော ဂက်ကို၏ ချေပသွင်းဂိုးကြောင့် သရေကျခဲ့ခြင်း ဖြစ်သည်။

**အောင်ဇော်**

✻ *ကျော်ဖုံးမှ*

Division 1 အုပ်စု (B) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၆ ရက်တွင် ထိုင်းအသင်းနှင့် ပါကစ္စတန်အသင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ခတ်ပုံ-AFF**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖူးကြီးမြို့နှင့် တိုက်ကြီးမြို့နယ်တို့ရှိ နယ်မြေခံတပ်ဌာနချုပ်နှင့် တပ်ရင်းအသီးသီးတို့၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ပြီး ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော မှော်ဘီတပ်နယ်မှ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် တိုက်ကြီးတပ်နယ်မှ အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် အာဆီယံဒီဂျစ်တယ်အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် အာဆီယံဒီဂျစ်တယ် အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဒီဂျစ်တယ်ဖွံ့ဖြိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် အာဆီယံဒေတာကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ Industry Engagement စကားဝိုင်းဆွေးနွေးပွဲကို “The Importance of Data Protection in Digital Transformation” နှင့် “Data Protection and Privacy in AI Era” ခေါင်းစဉ်တို့ဖြင့် ကျင်းပရာ ဒီဂျစ်တယ်ဖွံ့ဖြိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း (MCPA)၊ မြန်မာနိုင်ငံဘဏ်များအသင်း (MBA)၊ မိုဘိုင်းအော်ပရေတာများနှင့် ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အေအိုင်ခေတ်တွင် ဒေတာကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုများ၏ အရေးပါမှု၊ ကိုယ်ရေးအချက်အလက်လုံခြုံရေးအတွက် အစိုးရ၊ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများနှင့် ပြည်သူများက တာဝန်ယူဆောင်ရွက်ရန် လိုအပ်မှု၊ အာဆီယံဒေတာကာကွယ်ရေးမူဘောင်များနှင့်အညီ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် (၉) ကြိမ်မြောက် အာဆီယံဒေတာကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ ဖိုရမ်ကိုကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်ကျော်ဒေတာ လွှဲပြောင်းပေးပို့ရာတွင် လုံခြုံစိတ်ချမှုရှိစေရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဒီဂျစ်တယ်ကွန်ရက်ပိုင်ဆိုင်သူများ အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပသည့် (၃၂) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ (အေပီတီ) တို့နှင့် ပူးပေါင်းအစည်းအဝေးများတွင် အာဆီယံဒေသအတွင်း ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေဒီယိုလှိုင်းနှုန်းစဉ်စီမံခန့်ခွဲရေး၊ အရေးပေါ်ဆက်သွယ်ရေးနှင့် ဉာဏ်ရည်တုနည်းပညာအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၃ ရက်နှင့် စက်တင်ဘာ ၂၄ ရက်တို့တွင် ဒုတိယအကြိမ်မြောက် အာဆီယံဒီဂျစ်တယ် အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးတို့ ကျင်းပခဲ့ပြီး အာဆီယံဒေသတွင်း ကွန်ရက်လုံခြုံရေး၊ ဒီဂျစ်တယ်ဒေတာစီမံခန့်ခွဲရေး၊ ပင်လယ်ရေအောက်ဆက်သွယ်ရေး ကေဘယ်ကြိုးခိုင်မှု အစီအစဉ်များ ဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးများကို အာဆီယံဒေသအတွင်း ယုံကြည်မှုပြည့်ဝပြီး အားလုံးပါဝင်နိုင်သော ဉာဏ်ရည်တုနည်းပညာ (AI) ဖြင့် မောင်းနှင်သည့် ဒီဂျစ်တယ်စနစ်ကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့ကျပြီး အနာဂတ်ကိုရှေးရှုသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်နှင့် ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ မူဝါဒနှင့် ဥပဒေများ တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒီဂျစ်တယ်အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ (အေပီတီ) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးများကို မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော Grade-7 မှ ကျောင်းသား ခြောက်ဦးတို့သည် စက်တင်ဘာ ၂၂ ရက်တွင် နံနက်ပိုင်းအတန်းတက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းအတန်းချိန်တွင် ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့၊သက်န်းတုန်းကျေးရွာလမ်းဆုံတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

အဆိုပါဖမ်းဆီးခြင်းခံရသည့် ကျောင်းသားများအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းသား နှစ်ဦးအား စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါကျောင်းသားများ၏ ဖြေကြားချက်အရ ၎င်းတို့ ခြောက်ဦးသည် စက်တင်ဘာ ၂၂ ရက်တွင် ဆိုင်ကယ် သုံးစီးဖြင့် ထားဝယ်မြို့ သက်န်းတုန်းကျေးရွာရှိ ရေတံခွန်သို့ သွားရောက်လည်ပတ်ခဲ့စဉ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ်တစ်စီးဖြင့် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ပကာရီကျေးရွာအုပ်စု ပခပ်ကျေးရွာအနီးရှိ ဥယျာဉ်ခြံအတွင်း၌ ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြောင်း၊ ဖမ်းဆီးခံထားရသူများအနက် ၎င်းတို့နှစ်ဦးအား စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပကာရီကျေးရွာအဝင်လမ်းတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖမ်းဆီးထားသော ကျန်ရှိသည့် ကျောင်းသား လေးဦးအား အမြန်ဆုံး ပြန်လည်ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် သဗျာကျေးရွာအနီး ပြန်လည်ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းတို့၏မိသားစုဝင်များထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် Grade -12 မှ မောင်နှိုင်းအံ့လူအပါအဝင် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် အရပ်သားတစ်ဦးတို့သည် မောင်းမကန်ကမ်းခြေရှိ စားသောက်ဆိုင် တစ်ဆိုင်၌ နေ့လယ်စာစားနေစဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ၁၅ ဦးခန့်သည် အရပ်ဝတ်များဖြင့် ရောက်ရှိလာပြီး မောင်နှိုင်းအံ့လူနှင့် အရပ်သားတစ်ဦးတို့အား အကြောင်းမဲ့ဖမ်းဆီးပြီး လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာဘက်သို့ အတင်းအဓမ္မခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီး ချုပ်နှောင်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးနှိပ်စက်ခြင်းများကို ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများအား ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းတို့၏ လူမဆန်သောလုပ်ရပ်များအား သတင်းရရှိက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ကျိုင်းတုံမြို့နယ် ဝမ်ဟာဒေသ အိမ်မိုးအုတ်ကြွပ်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်ဟာကျေးရွာတွင် အိမ်မိုးအုတ်ကြွပ်ထုတ်လုပ်ရေးစက်ရုံမှ အိမ်မိုးအုတ်ကြွပ်များ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံထုတ်လုပ်မှုကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးသည်တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေနောင်တုံကုန်ထုတ်လုပ်ငန်းသမဝါယမအသင်းမှ အသင်းသားများ၊ ဝမ်ဟာကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ဝမ်ဟာဒေသတွင် အရည်အသွေးမီ၍ ဈေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့်ကိုက်ညီသည့် အိမ်မိုးအုတ်ကြွပ်များထုတ်လုပ်၍မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိသဖြင့် အသင်းသားများအားလုံး စည်းစည်းလုံးလုံး တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အသင်းသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အုတ်ကြွပ်ထုတ်စက်များ၊ ရေရရှိရေးအတွက် စက်ရေတွင်းတူးမည့်နေရာ၊ အုတ်ကြွပ်ကုန်ကြမ်း တစ်သိန်းထုတ်လုပ်ထားရှိမည့် မြေနေရာနှင့် စက်ရုံအုတ်ကြွပ်မိုးထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပဲ့ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂/၂) ပေ ၅၀၀နှင့် (၁၂/၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား ပေ ၃၀၀ ပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆)ကြား၌ ယာယီပန်းတာတည်ဆောက်ပြီးသည့်နေရာတွင် Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်း လုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၁၃၂ ကေဗွီ ရွှေစာရံ-ရတနာပုံ-အနီးစခန်း(ပြင်ဦးလွင်) ဓာတ်အားလိုင်းတွင် ကွဲအက်ကြွေသီး အစားထိုးလဲလှယ်ခြင်းနှင့် ဓာတ်အားကာကွယ်ရေးစက်ကိရိယာ ချို့ယွင်းမှုအား အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် စက်တင်ဘာ ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၃၂ ကေဗွီ ရွှေစာရံ-ရတနာပုံ-အနီးစခန်း (ပြင်ဦးလွင်) ဓာတ်အားလိုင်းတွင် ကွဲအက်ကြွေသီး အစားထိုးလဲလှယ်ခြင်း၊၁၃၂ ကေဗွီအနီးစခန်းဓာတ်အားခွဲရုံရှိ ၆၀ အမ်ဗွီအေ ပင်မထရန်စဖော်မာတွင် တပ်ဆင်ထားသော ဓာတ်အားကာကွယ်ရေး စက်ကိရိယာချို့ယွင်းမှုအား အစားထိုးတပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ဦးလွင်မြို့နယ်ရှိ စက်ရုံ/ အလုပ်ရုံများ၊ ရပ်ကွက်နှင့်ကျေးရွာများ၊ အချိန် လေးနာရီကြာခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Min Thu” Facebook အကောင့်နှင့် “ချစ်သမီးလေးအဖေ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမ်းနီကျေးရွာနေ ညီမင်းသူ(ခ)မင်းသူ(ခ)ပြောင်ကြီးအား ည ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက (မြို့လှ) Grade-11 တွင် ပညာသင်ကြားနေသော မောင်ဇူလိုင်မင်း ၏ ဖခင်အမည်မှန်မှာ ဦးသွင်အောင်မြင့် ၈/အလန(နိုင်)၁၂၅၈၁၉ ဖြစ်ပါကြောင်း။

ဦးသွင်အောင်မြင့်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(ခွဲ) (မင်းကန်) Grade-12 တန်းတွင် ပညာသင်ကြားနေသော မိုင်တွယ်တာမိုး ၏ ဖခင်အမည်မှန်မှာ ဦးစိန်ဘိုဝင်း ၈/မထန(နိုင်)၀၉၂၃၃၄ ဖြစ်ပါကြောင်း။

ဦးစိန်ဘိုဝင်း

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

## Tender Invitation

## GRGI/PRO/P&T/260901

GRGI intends to install Wastewater Treatment (ZLD) on a Turnkey basis.

(1) **Scope of Work:** Design, engineering, supply, erection, commissioning, and performance testing including all associated facilities and utilities.

- **Availability of Tender Documents:**
  Contact No: +959 256 192 616
- **Tender Clarifications:**
  Contact No: +959 505 7046

(2) **Bid Submission Details**

- **Submission Deadline: 20 October 2026, 2:00 PM**

(3) **General Conditions**

- Bids must be submitted in accordance with the instructions provided in the tender documents.
- Late submissions will not be considered.
- The Company reserves the right to **accept or reject any or all bids,** wholly or partially, without assigning any reason whatsoever.

Interested companies may request the Tender Documents and obtain further information by contacting the above phone numbers or visiting the company office directly.

## လေလံကြော်ငြာ

၁။ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၉၃)၊ တိုင်းရင်းဆေးရုံလမ်း၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်စ္စည်းနှင့် ကားအပိုပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အောက်ဖော်ပြပါ နေ့ရက်၊ အချိန်၊ နေရာတွင် လေလံတင်ရောင်းချသွားပါမည်-

| | | |
|---|---|---|
| (က) နေ့ရက်/ အချိန် | - | ၉-၁၀-၂၀၂၆နံနက်(၁၀:၀၀)နာရီ |
| (ခ) နေရာ- | | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မြစ်ကြီးနားမြို့ |
| (ဂ) ပစ္စည်းအမျိုးအမည် | - | စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်စ္စည်းနှင့် ကားအပိုပစ္စည်းများ |
| (ဃ) လေလံပုံစံ ရောင်းချခြင်း | - | လေလံပုံစံ(လေလံစည်းကမ်းချက်နှင့်ပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀,၀၀၀/-) (ကျပ်တစ်သောင်း)နှုန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ (၂၈-၉-၂၀၂၆)မှ(၃-၁၀-၂၀၂၆) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချခြင်းနှင့် အာမခံစဘော်ငွေ ပေးသွင်းခြင်းကို (၅-၁၀-၂၀၂၆)မှ (၇-၁၀-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း လက်ခံသွားမည်ဖြစ်ပါသည်။ |
| (င) ပစ္စည်းပြသခြင်း | - | လေလံပုံစံဝယ်ယူသူများမှ အာမခံစဘော်ငွေ ပေးသွင်းသူများကိုသာ (၅-၁၀-၂၀၂၆)မှ(၇-၁၀-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ပြသမည်။ |
| (စ) ပစ္စည်းပြသမည့် နေရာ | - | ရဲတပ်ရင်း(၃၀)၊ မြစ်ကြီးနားမြို့ |

၂။ အသေးစိတ်အချက်အလက်များအား သိရှိစုံစမ်းလိုပါက တယ်လီဖုန်းအမှတ် (၀၉-၂၅၆၄၉၄၈၂၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြစ်ကြီးနားမြို့

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်၅၂ဃ/၉၈၀၆၀၊ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းကြည်မာလာ ၉/ပမန(နိုင်)၂၄၇၀၃၀ က မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/4444, B.M.W 750I Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းလင်း ၈/ပခက(နိုင်)၁၉၈၇၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရန်ကုန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၄ ရက်က လသာမြို့နယ်(၉)ရပ်ကွက် အမျိုးသား သွေးဌာန၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှု အားပေးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၆.၀၇)ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားနိုင်ရေး သတ္တမမြောက်ဥပုသ်အသင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4211 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊(ရွှာသာကြီး)

## ကျိုက်မရောမြို့နယ်အတွင်း ဓာတ်အားလေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးဆောင်ရွက်

**ကျိုက်မရော စက်တင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဓာတ်အားလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်၍ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဦးဇေယျာဦး၊ မွန်ပြည်နယ် လျှပ်စစ် အင်ဂျင်နီယာနှင့်



ခရိုင် လျှပ်စစ်အင်ဂျင်နီယာတို့က လာရောက်စစ်ဆေးခဲ့ပြီး ခရိုင်အလိုက် Cross. Check ပုံစံဖြင့် စစ်ဆေးဆောင်ရွက် လျက်ရှိသည့် ကျိုက်မရော မြို့နယ်အတွင်း လုပ်ငန်းသုံး စီတီမီတာများနှင့် ပါဝါမီတာများအား စစ်ဆေးခြင်း၊ မီတာဖတ်ရှုထားမှု လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျှော့ချရေး ဆောင်ရွက်ထားရှိမှုတို့ကိုစစ်ဆေးပြီး တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။

**ချို့မြတ်မြတ်ထွေး**
**(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေး

**မော်လမြိုင် စက်တင်ဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ခန်းမ၌ ပြုလုပ်ခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးဝင်းနှင့် မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဝင်းလှိုင်တို့က ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **စည်သူ(ပြန်/ဆက်)**

## မင်းလှမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**အထက်မင်းလှ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





ကျောက်တံခါးမြို့နယ်၌ စက်တင်ဘာ၂၃ ရက်က စားအုန်းဆီ အရောင်းဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချစေရေး မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ မျိုးမင်း(ပြန်/ဆက်)

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၃

**ကွယ်လွန်သူ ဦးလှဖေ ၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ပင်းတယမြို့နယ်၊ ကျားကုန်းကျေးရွာအုပ်စု၊ ကျားကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှဖေ ၏ ကျန်ရစ်သောပစ္စည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းကုန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်နှင့်အမည် (၁၀၃–ညောင်ကုန်းရွာ)၊ ဦးပိုင်အမှတ် (၂၇)၊ ဧရိယာ (၃.၂၈)ဧကရှိ ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အားလုံး အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏ဇနီး ဒေါ်သန်းမြင့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (၁၃၈၈ ခုနှစ်၊ တော်သတင်းလဆုတ် ၁၀ ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှဖေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ၊ ၆ ရက်၊ ( ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ) ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော် က ဒေါ်သန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စိုးမာအေး )**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး**
**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး**

## ပတ်စ်ပို့ပျောက်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အနော်ရထာလမ်းနေ ဒေါ်ဌေးဌေး ၉/မမန (နိုင်)၀၀၂၆၉၃၏ နိုင်ငံကူးလက်မှတ်အမှတ် (MD–070778)သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၂၂၈၄၉၂၂**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကျုံပျော်မြို့၊ ယောနသံ ကိုယ်ပိုင် အထက်တန်းကျောင်း Grade–11 မှ မ၀င်းလဲ့ခိုင်၏ အမည်မှန်မှာ မလဲ့လဲ့ခိုင်ဖြစ်ပြီး ဖခင် ဦးသိန်းဇံ၏ အမည်မှန်မှာ ဦးသိန်းစံ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade – 12 မှ မောင်မြင့်မြတ်ခန့်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်စိုး (၈/စလန(နိုင်)၀၆၃၉၇၀) ဖြစ်ပါကြောင်း။

**ဦးတင်အောင်စိုး**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade – 12 မှ (ဘ) ဦးစိုင်းမြင့်ဦး ၏ သမီးဖြစ်သူ နန်းယိင်းဝမ်ရှုံလောဝ် (၁၃/နခန(နိုင်)၁၁၄၅၁၂) ၏ အမည်မှန်မှာ နန်းယိမ်းဝမ်းရှန်လောဝ် ဖြစ်ပါကြောင်း။

**နန်းယိမ်းဝမ်းရှန်လောဝ်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်(ဈ)၊ ရောလမ်းသွယ်(၄)လမ်း၊ အမှတ်(၈၀၈)၊ မြေအကျယ် (၁၀x၆၀)ပေရှိ ဦးလှရွှေ အမည်ပေါက်(ပါမစ်)မြေအမျိုးအစားအိမ် ခြံမြေကွက်အားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လဲ့ယဉ်ဝင်း (၁၂/ဥကမ(နိုင်)၁၉၄၇၆၄)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ယုမာ (၆/ကစန(နိုင်)၁၄၇၁၆၈)က တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ယုမာ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထင်အောင်(LL.B)(စဉ်–၁၇၈၂၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉၈၆/က)၊ အောင်မင်္ဂလာလမ်း၊ (တ/၁၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၁၀၄၆၈၁၇**

## အများသိစေရန်ကြေညာခြင်း

အေးသာယာမြို့၊ အကွက်ကြီး(၅၆)၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၂)၊ အိမ်အမှတ်(၂၇)၊ သစ်ပင်ထောင်ဘုန်းကြီးကျောင်းအနီး၊ အရှေ့နှင့်အနောက်(၇၅ပေx၇၅ပေ)၊ တောင်နှင့်မြောက်(ပေ ၆၀xပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးညီညီ(၉/သစန(နိုင်)၁၀၃၈၅၀) နှင့် ဒေါ်အေးမြတ်မွန်တို့လင်မယားပေါင်းသင်းစဉ်က အရပ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပြီး လက်ရှိထားနေထိုင်ပိုင်ဆိုင်သူများဖြစ်ကြပြီး ဦးညီညီနှင့်ဒေါ်အေးမြတ်မွန်တို့သည် ယနေ့အချိန်ထိတရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးသည့် အကြင်လင်မယားများဖြစ်ကြပြီး အထက်ဖော်ပြပါ နေအိမ်ခြံမြေ နှင့်ပတ်သက်၍ ဦးညီညီ၏သဘောဆန္ဒရယူခြင်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်းမရှိဘဲ ဒေါ်အေးမြတ်မွန်နှင့် အခြားသူတစ်ဦးဦး မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်းများမပြုလုပ်ရန်နှင့် ဦးညီညီမသိအောင် ဒေါ်အေးမြတ်မွန်နှင့် အခြားသူတစ်ဦးဦးက ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း ပြုလုပ်မည်ဆိုပါက ဦးညီညီက ကန့်ကွက်ပါကြောင်း ဒေါ်အေးမြတ်မွန်နှင့်အများ သိစေရန်ကြေညာအပ်ပါသည်။

**ဦးညီညီ (၉/သစန(နိုင်)၁၀၃၈၅၀)၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ယုယုနွယ် (LL.B)** | **ဒေါ်ရီရီချို (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ် – ၁၃၂၄၃)** | **(စဉ် – ၁၃၀၄၁)** |
| **အခန်းအမှတ် (ည/၁၇၉)၊** | **အခန်းအမှတ် (4) ၊** |
| **သရေခေတ္တရာလမ်း၊ နယ်မြေ(၁)၊** | **မဟာသုခလမ်းသွယ်(၂)၊** |
| **ညောင်ဖြူစခန်းရပ်ကွက်၊** | **ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊** |
| **တောင်ကြီးမြို့၊ ဖုန်း–၀၉–၂၅၄၃၀၆၉၂၃** | **ဖုန်း–၀၉–၄၂၅ ၉၉၇၇၇၀** |

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဖျိုင်းအင်းအုပ်စု ဖျိုင်းအင်းကျေးရွာနေ မအိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးငယ် ၉/တကန(နိုင်)၁၆၀၉၇၁ ဖြစ်ပါကြောင်း။

**ဦးငယ်**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အိုင့်ကျယ်ကျေးရွာနေ ဦးဇော်မင်းလတ်၏သား မောင်ခန့်ဇော်ဦး ၉/တကန(နိုင်)၂၇၆၈၀၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၇–၂၀၀၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှဌေးအောင်၏သမီး The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း G–12(B) တွင် ပညာသင်ကြားနေသော သဒ္ဒါဖြူစင်အောင်နှင့် သဒ္ဒါဖြူစင်အောင် ၁၂/ဒဂရ(နိုင်)၀၃၉၂၈၂၏ အမည်မှာ နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးဆန်တီ၏သမီး ကျွန်မ ဒေါ်နန်းအေး (၁၃/မဆန(နိုင်)၀၀၆၅၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 048108) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၃၁၅၈၆၅၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၇ ) ၊ ကွင်း / အကွက်အမှတ် ( ၆၆၄ – က / ဆင်ခေါင်းမြောက်ကွင်း ) ၊ ဦးပိုင်အမှတ် ( ၂၄ – က /၁၈ )၊ မြေဧရိယာ(၀. ၀၇)ဧကရှိ မြေကွက်အား မြေငှားဂရန် ( ဦးပိုင်ခွဲ ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဦးစိုင်းဘုန်းတင့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကွင်းအမှတ်–၅၆၀ B/ခ၊ ကွင်းအမည်–ဇက္ကနုတ်၊ လိပ်ပွတ်ကျေးရွာ၊ ဦးပိုင်အမှတ်–၆၈/၂၊ ဧရိယာ (၀.၅၉) ဧကနှင့် ဦးပိုင်အမှတ် –၆၉/၂၊ ဧရိယာ (၃.၄၃) ဧကရှိ ပုံစံ–၇၊ လယ်/ဥယျာဉ်၊ မြေကွက် (၂) ကွက်တွဲနှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်နော်လေးလေ (၁၃/တခလ (နိုင်)၀၀၂၃၁၇)၊ (၂) ဒေါ်နော်မူမူစေး (၁၂/ရပသ (နိုင်) ၀၇၄၁၄၅)၊ (၃) ဒေါ်နော်လုလုချော (၁၂/ရပသ(နိုင်)၀၇၃၉၉၈)၊ (၄) ဒေါ်နော်ရှယ်ရီဗစ် (၁၃/ကတန(နိုင်)၀၁၂၃၀၆) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မေလတ် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၂၁၈)**
**အမှတ် (၄)၊ မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ Ph : 09–420040149**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း ၊ အမှတ်–၁၀၄ ၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Sanchaung Garden Residence ၏ Level–2, Room No–M 213 ၊ ဧရိယာ (၁၀၅၆) စတုရန်းပေရှိ တိုက်ခန်း (၁) ခန်း (ကားပါကင် တစ်စီးစာ နေရာပါရှိပြီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသော (၁) ဦးသန့်ဇင်ဦး (၇/ညလပ (နိုင်)၀၉၂၂၁၀) (၂) ဒေါ်ချိုမာလင်း (၇/ညလပ(နိုင်)၀၉၂၄၃၂) တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေမီ (၄/ဟခန(နိုင်)၀၀၆၄၆၆) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်အေမီ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကိုကိုနိုင်(LL.B, D.I.L)** | **ဒေါ်ဇင်မေလတ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၀)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၂၁၈)** |

**အမှတ် (၄) ၊ မြေညီ ၊ သီရိလမ်း ၊ သီရိခေမာရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–420040149**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပုလဲဒီပါရပ်၊ အေးရိပ်ချောင်လမ်းတွင် နေထိုင်သူ မအေးသီရိမောင် (၆/မမန(နိုင်)၁၄၇၀၇၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအေးသီရိမောင် (ဘ) ဦးခင်မောင်ဝင်း (၆/မမန(နိုင်)၁၄၇၀၇၀)နှင့် မောင်သီဟအောင်(ဘ) ဦးဘိုအောင် (၁၂/မဂတ(နိုင်)၀၈၉၀၆၄) တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သောကြောင့် (၄–၉–၂၀၂၆) ရက်စွဲဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့သည့်အတွက် မောင်သီဟအောင်အနေဖြင့် လည်းကောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ မအေးသီရိမောင်၏ ဂုဏ်သိက္ခာကျစေမည့် အကြောင်းအချက်များအား လူမှုကွန်ရက်စာမျက်နှာတွင် လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း ရေးသားပြုမူပြောဆို ဆောင်ရွက်ခြင်း မပြုလုပ်ရန်၊ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပြုံးရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၄၀၁)**
**အမှတ်(၉၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ ဖ.ဆ.ပ.လ ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း –၀၉–၄၂၄၃၅၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ (၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၀)၊ မြေကွက်အမှတ် (၃၆၃/၄)၊ မြေဧရိယာ (၀.၁၀၂)ဧကရှိမြေအား ဦးသန်းဇော်၊ ဒေါ်ခင်သန်းအေးမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊ ကွင်း/အကွက်အမှတ် (၆၆၄ – က/ ဆင်ခေါင်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၄ – က/၆)၊ မြေဧရိယာ (၀.၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအောင်လင်းထက်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ (၀.၁၃၂)ဧကရှိမြေနေရာသည် မြို့မြေအမှုတွဲအမှတ် 24 V 2013–2014 အရ ဦးသန်းထွဋ်ဦး အမည်ဖြင့် (၉–၅–၂၀၁၃) ရက်မှစ၍ မူလသက်တမ်းအတိုင်း (၁၂–၄–၁၉၉၆ မှ ၁၁–၄–၂၀၂၆ အထိ) နှစ်(၃၀)အမည်ပြောင်း ချထားပေးသောမြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ (၁၁–၄–၂၀၂၆)ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးသန်းထွဋ်ဦး အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၇–၉–၂၀၂၆) ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၇/ဆန်တန်း)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ (၀.၀၀၇)ဧကရှိမြေသည် မြို့မြေအမှုတွဲအမှတ်၊ ၉၉၇/ ၁၉၉၆ အရ ဦးဝင်းမြင့်ထွန်း၊ မအေးအေးမြင့်၊ မောင်မျိုးသန့်အောင်၊ မစိုးစိုးမြင့်၊ မယဉ်မေအောင်၊ မောင်ဖြိုးဇော်ဇော် အမည်ဖြင့် (၂၈–၁၀–၁၉၉၆)မှ (၂၇–၁၀–၂၀၂၆) အထိ နှစ်(၃၀)ရရှိထားသောမြေကို ဒေါ်ဌေးဌေး(ခ)ဒေါ်ဌေးမိ၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးမျိုးသန့်အောင် တို့အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် (၁၇–၉–၂၀၂၆)ရက်မှစ၍ရက်ပေါင်း(၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5037 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/85101, Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းကျော်စိုး ၇/ပမန(နိုင်)၀၀၂၀၆၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/5235, Toyota Rav4–ACA 21, S/W(4X4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြင့် ၁၂/မဂတ(နိုင်)၀၀၉၁၂၆က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/ ၁၊ ရွှေအိုက်)၊ ဦးပိုင်အမှတ်(၁၀၈၈)၊ မြေဧရိယာ(၀.၁၂၃)ဧကရှိ မြေကွက်သည် မူလက ဦးဌေးလွင် အမည်ဖြင့် (၃–၃–၂၀၃၅)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၁၂–၆–၂၀၂၆)ရက် စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၀၀/၂၀၂၆)အရ ဦးဌေးလွင်၏အထူးကိုယ်စားလှယ် ဦးဉာဏ်လင်းကျော်ထံမှ ဒေါ်စန္ဒာထွန်း အမည်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်စန္ဒာထွန်း (၁/မကန(နိုင်)၂၆၈၄၇၈) အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ ခိုင်ရွှေဝါလမ်းနေ (ဘ) ဦးထွန်းရှိန်၏ သမီး ဒေါ်သန်းသန်း ၁၄/ညတန(ဧည့်)၀၀၀၀၂၀ သည် မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ အမှတ် (၇)ရပ်ကွက်၊ ရွှေဟသ်ာတောရကျောင်းလမ်း၊ အိမ်အမှတ်–၃၂၂ နေ (ဘ) ဦးမြင့်ဦး၏ သမီး ဒေါ်လဲ့လဲ့ဦး (၁၄/ညတန(နိုင်)၁၀၉၃၄၂)ပိုင်ဆိုင်သော ညောင်တုန်းမြို့၊ အမှတ်(၇) ရပ်ကွက်၊ ရွှေဟသ်ာတောရကျောင်းလမ်း– အိမ်အမှတ်– ၃၂၂– ဖြစ်သည့် ၃–ပင် ၂–ခန်း သစ်အိမ် သွပ်မိုး ပျဉ်ခင်း ပျဉ်ကာ မီးဖိုဆောင်တွဲလျက် ဘေးအဖီပါအိမ် အနောက်ဘက်ရှိ အုတ်ခင်းအုတ်ကာ ရေချိုးခန်းနှင့် အိမ်သာပါလူနေအိမ်နှင့် အဆိုပါလူနေအိမ်နှင့် တွဲလျက် အကျိုးခံစားခွင့်များ အပါအဝင် အဆိုပါလူနေအိမ်တည်ရှိရာ ဒေါ်လဲ့လဲ့ဦး ပိုင်ဆိုင်သည့် မြေကွက် ဦးပိုင် နှစ်ခုပေါင်း(၀.၀၈၆) ဧကနှင့်ဘေးတွင် ထပ်ဆောင်း ပါဝင်သော ၃ပေx၁၀၀ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းလူနေအိမ်နှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၁၆–၁၁–၂၀၂၄)ရက်တွင် ဝယ်ယူသူ ဒေါ်သန်းသန်းမှ ရောင်းသူ ဒေါ်လဲ့လဲ့ဦးသို့ သက်သေလူကြီးများ ရှေ့တွင် လက်ငင်းငွေပေးချေ၍ နေအိမ်နှင့် မြေကွက်အရောင်းအဝယ် စာချုပ်ချုပ်ဆိုလျက် လက်ရှိ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကြင်ထူး တရားလွှတ်တော်ရှေ့နေ (စဉ်–၃၆၅၈)၊**
**အမှတ် (၁၁၁)၊ ၁၃ လမ်း၊ ၃–ရပ်ကွက်၊ ညောင်တုန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၈၁၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွန်း ၁၀/ပမန(နိုင်)၁၁၇၉၇၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၀၀၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၁၀/မလမ (နိုင်)၁၀၃၃၂၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/2089 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၀/မလမ(နိုင်)၁၄၇၃၃၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၄

၁။ ဦးမြသိန်း(ခ)တန်အွန်လျောင်း — လျှောက်ထားသူများ
၂။ ဒေါ်တန်နန်းဂွမ်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဒေါ်အေးမြင့်ကြည်)

**ကွယ်လွန်သူ ဦးထွန်းဝင်း (ခ) တန်ဟုတ်လင်း၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ဘီ၊ မြေကွက်အမှတ်- ၆/အေနှင့် ၇/အေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းဝင်း(ခ) တန်ဟုတ်လင်း၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် (၁) ဦးမြသိန်း (ခ)တန်အွန် လျောင်း (၂)ဒေါ်တန်နန်းဂွမ် (၎င်းတို့၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးမြင့်ကြည်) က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) နံနက်(၁၀:၀၀) နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းဝင်း (ခ) တန်ဟုတ်လင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှု တွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ( ၁၃၈၈ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက် ) နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က (၁) ဦးမြသိန်း (ခ) တန်အွန် လျောင်း (၂) ဒေါ်တန်နန်းဂွမ် (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမြင့်ကြည်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၉၂

ဒေါ်ခင်သူဇာဝင်း — နှင့် — ဦးလှရွှေ
**တရားလို** — **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၈၅)နေ ဦးလှရွှေ (ဘ)ဦးစိန်ထွန်း (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သူဇာဝင်း က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ယာတော်)ရပ်ကွက်၊ ယခု(ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ (၀.၀၅၅၁)ဧကအကျယ်အဝန်းရှိဦးလှရွှေအမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ခွာညိုလမ်းနေ အ.ထ.က အင်္ဂပူ (Grade-12) မှ မောင်ဖွဲ့ထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်းဦး ၁၄/အဂပ(နိုင်) ၁၂၉၁၀၅ ဖြစ်ပါကြောင်း။

**ဦးကျော်သိန်းဦး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5055 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## ပို့ကုန်လုပ်ငန်းစတင်လုပ်ကိုင်နည်းရက်တိုသင်တန်း (အမှတ်စဉ်-၂၆)
## သင်တန်းသားခေါ်ယူခြင်း

| | | |
|---|---|---|
| (က) **သင်တန်းကာလ** | - | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် မှ ၁၆ ရက်အထိ (၅ ရက် သင်တန်း) |
| ( ခ) **သင်ကြားမည့်နေ့ရက်များ** | - | (တနင်္လာနေ့)မှ (သောကြာနေ့)အထိ |
| ( ဂ) **သင်တန်းအချိန်** | - | နံနက် ၉ : ၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ |
| (ဃ) **သင်တန်းသားဦးရေ** | - | ၅၀ ဦး |
| ( င) **သင်တန်းတည်နေရာ** | - | အမှတ် (၂၂၈/၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) **သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ** | - | တစ်လက်မပတ်လည်ဓာတ်ပုံ ၃ ပုံ၊ ဘွဲ့သို့မဟုတ် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ |
| (ဆ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၁၈-၂၅၀၈၇၁၊ ၀၉- ၂၅၀၀၈၈၄၃၆ ၊ ၀၉- ၂၅၄၀၇၅၈၄၈ (ရုံးချိန်အတွင်း ဆက်သွယ်ပါရန်) |

**(သင်တန်းကို တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူကိုယ်တိုင် လာရောက် စာရင်းပေးသွင်းနိုင်ပါသည်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၇၃၀/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၂၀x၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်အေး (၁၂/ကမရ(နိုင်)၀၂၁၁၃၃) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဆွေ (၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုနိုင် (၈/ပခက(နိုင်)၂၀၇၃၁၈) မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အထက ကျောင်း G-12 တွင် ပညာသင်ကြားနေသော မအေးမြတ်မိုးဦး၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးဆန်း ၁၄/ဒဒရ(နိုင်)၁၁၃၁၆၃ ဖြစ်ပါကြောင်း။

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃ - က)၊ ဦးပိုင်အမှတ် (၁၀ - က)၊ မှန်တန်းဂုဏ်ရည်လမ်းသွယ် (၁) နှင့် အောင်မြင့်ကျော်လမ်း အရှေ့ဘက်ရှိ ဂရန် မြေကွက်အမည်ပေါက်သော ဦးတင်အောင်ဝင်း ၅/မရန(နိုင်)၀၁၆၁၀၀၊ ဒေါ်အေးအေးသန်း ၅/မရန(နိုင်) ၀၁၆၀၀၀ တို့ကအမှုတွဲအမှတ် (၂၅၈၁ /၂၀၂၆-၂၀၂၇ ) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၂)၊ ဦးပိုင်အမှတ် ၁၇ ၊ ၂၀ x ၂၁ လမ်းကြား၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မျိုးသန့် ၉/မရမ(နိုင်) ၀၄၀၃၈၉၊ ဒေါ်မြတ်မွန်စိုး ၉/မရမ (နိုင်)၀၁၆၇၀၂ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## မှော်ဘီခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅

| | | |
|---|---|---|
| ဦးစံလင်း | နှင့် | ၁။ ဒေါ်သင်းသင်းလင်းပင် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဦးစိုးမြင့်နိုင် |
| ဦးဝင်းဇော်ဦး) | | ၃။ ဒေါ်ဆွေဆွေဦး |
| **တရားလို** | | **တရားပြိုင်များ** |

ဒေါ်သင်းသင်းလင်းပင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၁၁၀)၊ တိုက်(၄)၊ အခန်း(၃)နေနှင့် ဦးစိုးမြင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ တိုက်(၄၇) (ပထမထပ်)နေ (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက (၆-၃-၂၀၂၆) စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၈)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ- ၂၀)
## အင်းစိန်ခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၅

| | | |
|---|---|---|
| ဒေါ်ယဉ်ဆွေမွန် | နှင့် | ၁။ ဒေါ်မြညွန့် |
| | | ၂။ ဒေါ်အေးညွန့် |
| | | ၃။ ဦးမိုးကျော်ဦး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အမှတ်(၈၂)၊ ကျေးတိုင်စု(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ယခု- နေရပ်လိပ်စာမသိ) နေ (၁)ဒေါ်မြညွန့်နှင့် (၂)ဒေါ်အေးညွန့် တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သူဟန်)
ဒုတိယခရိုင်တရားသူကြီး(၁)
အင်းစိန်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၁

| | | |
|---|---|---|
| ၁။ ဦးစိုင်းတိုးအောင် | နှင့် | ဦးကျော်ထွန်း |
| ၂။ ဒေါ်နန်းရွှေအိမ် | | |
| **တရားလိုများ** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်(ဗ-၁၆/၂၅-ခ)၊ ၅၅ x၅၆ လမ်းကြား၊ မြဥ္စလမ်းနှင့်သော်ကလမ်းကြားနေ ဦးကျော်ထွန်း(ဘ)ဦးမောင်မောင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးစိုင်းတိုးအောင် ပါ ၂ က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၃)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ထွန်း အမည်ပေါက်ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၈) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာနွယ်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၂၈ /၂၀၂၆-၂၀၂၇)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါလုပ်ငန်းအား ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ဝယ်ယူမည့်ပစ္စည်း/ လုပ်ငန်းအမည် |
|---|---|---|
| (က) | 7(T)/MOEE(Energy)/ 2026-2027 | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(စွမ်းအင်) အတွက် လိုအပ်သော FortiProxy Software Extension ဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်း |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက် (ရုံးချိန်အတွင်း)** - ၂၆-၉-၂၀၂၆ ရက် မှ ၁၃-၁၀-၂၀၂၆ ရက်ထိ
၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံး ရက်/ အချိန်** - ၁၃ -၁၀-၂၀၂၆ ရက်၊ (၁၃:၀၀) နာရီ
၄။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၆) ၊ နေပြည်တော်။
၅။ **တင်ဒါဖွင့်လှစ်မည့်ရက်/ အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်။
၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း -၀၆၇-၃၄၁၁၀၄၈၊ ၀၆၇-၃၄၁၁၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဒေါ်အိမ်မိစီ (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ- ဦးဝင်းမြင့်) နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၈)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ (၀.၀၆၂ ) ဧကရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိမ်မိစီ (၉/ပသက (နိုင်)၀၀၈၃၅၇ (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းမြင့် (၉/မရတ (နိုင်) ၀၃၂၀၀၇)ထံမှ ကျွန်မ ဒေါ်အိဖြူဖြူစင်က (၁-၇-၂၀၁၁ ) ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် (၃-၁၀-၂၀၂၆) ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ် ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေါ်အိမ်မိစီ (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ- ဦးဝင်းမြင့်) နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိဖြူဖြူခင် (ဘ) ဦးအိုက်ဝူး ၁၃/တယန(နိုင်)၀၃၄၃၂၂**
**အကွက် (၆၄၁)၊ ကဥ္စဏာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ဒေါ်ခင်အေး (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ- ဦးအောင်နိုင်စိုး )နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၈)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ (၀.၀၆၂) ဧကရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေး ( ၉/မရမ (နိုင်)၀၃၃၃၄၇ / ပီတီအိုင်-၀၁၆၄၄၅ (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်နိုင်စိုး (အေအမ်အေ - ၁၃၇၅၉၃)ထံမှ ကျွန်မ ဒေါ်အိဖြူဖြူခင် က (၁-၇-၂၀၁၁) ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် (၃-၁၀-၂၀၂၆) ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေါ်ခင်အေး ( ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်နိုင်စိုး) နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိဖြူဖြူခင် (ဘ) ဦးအိုက်ဝူး ၁၃/တယန(နိုင်)၀၃၄၃၂၂**
**အကွက် (၆၄၁)၊ ကဥ္စဏာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## နှစ်ဦးသဘာတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၄၇ လမ်း၊ ၁၁၂ စီလမ်းတွင် နေထိုင်သည့် ဒေါ်ကေသွယ်မိုး(ဘ) ဦးဆန်းဝင်း (၉/စကန (နိုင်) ၀၈၃၀၃၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးချိုးကွမ်းဆုံ (ခ) ကျော်မြင့် နှင့် ဒေါ်ကေသွယ်မိုး တို့သည် (၂၀၀၇) ခုနှစ်ခန့်က မြန်မာဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လက်ထပ်ထိမ်းမြားကာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ (၂၀-၄-၂၀၂၆) ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် မန္တလေးမြို့၊ အောင်မြေသာစံခရိုင်တရားရုံးတော်၌ မှတ်ပုံတင် အမှတ်စဉ်-၁၄၂/၂၀၂၆ ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်ပတ်သက်ခြင်း အလျဉ်းမရှိတော့ပါ။ ဦးချိုးကွမ်းဆုံ(ခ)ကျော်မြင့်၏ လုပ်ကိုင်ဆောင်ရွက်ချက်များသည် ဒေါ်ကေသွယ်မိုးနှင့် ဆက်နွယ်ပတ်သက်ခြင်း မရှိပါကြောင်းနှင့် ၎င်း၏ ပြုမူလုပ်ကိုင်ဆောင်ရွက်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်းပြုမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** | |
| **ဒေါ်ကေသွယ်မိုး (ဘ)** | **ဒေါ်အိအိဝင်းမောင်** | **ဒေါ်ညိမ်းညိမ်းဦး** |
| **ဦးဆန်းဝင်း** | **(LL.B)** | **(LL.B)** |
| **၉/စကန(နိုင်)၀၈၃၀၃၇** | **(စဉ်-၁၄၇၂၈/၂၀၁၈)** | **(စဉ်-၁၄၆၇၃/၂၀၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အကွက် (၄၁၅/N-3)၊ ညောင်ကွဲရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၇၇၀၈၅**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ/မြန်မာနန်းကွက်သစ်)၊ ဦးပိုင်အမှတ်(၁၅၂)၊ ဧရိယာ (၀.၀၅၅) ဧကရှိ ဦးမောင်မောင်ရွှေအမည်ပေါက် နှစ် (၃၀) မြေငှားဂရန်ကို ဦးမြဇော် (၁၂/မရက (နိုင်) ၁၃၈၅၂၇) က (၂၂-၅-၂၀၂၆) ရက်စွဲပါစာချုပ် အမှတ်(၄၉/၂၀၂၆)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊ ကွင်း/အကွက်အမှတ် (၆၆၄-က/ ဆင်ခေါင်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၄ - က / ၁၇ )၊ မြေဧရိယာ (၀ . ၀၈) ဧကရှိ မြေကွက်အား မြေငှားဂရန် ( ဦးပိုင်ခွဲ ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဦးခင်မောင်ဝင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၅/ဖောင်းတော )၊ ကွင်း/အကွက်အမှတ် (၆၆၅ /ဖောင်းတော )၊ ဦးပိုင်အမှတ် (၂၄၈/က - ၈) ၊ မြေဧရိယာ (၀.၀၆၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအောင်နိုင်ထက်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၅ / ဖောင်းတော)၊ ကွင်း/အကွက်အမှတ် (၆၆၅/ဖောင်းတော )၊ ဦးပိုင်အမှတ် (၂၄၈/က - ၃) ၊ မြေဧရိယာ (၀.၀၅၆) ဧကရှိ မြေကွက်အား မြေငှားဂရန် ( ဦးပိုင်ခွဲ ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းပပနိုင် (ခ) ဥမ္မာနိုင် မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံ အမှတ် (၄၁အေ)၊ လမ်းအမည် (Lane-2)၊ ခန့်မှန်းမြေဧရိယာ (၁၂၃၅) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်မိုဇင်လတ် (၁၂/တမန(နိုင်)၁၀၆၅၀၆)ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း ၁၄/မမန(နိုင်)၁၇၅၃၁၃**
**ဖုန်း-၀၉-၄၀၆၈၆၉၀၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံ အမှတ် (၉၅၀ဘီ)၊ လမ်းအမည် (Lane-22)၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇူးဇူးပိုင် (၁၂/လမန (နိုင်)၁၅၂၁၉၀)ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရည်လေးမွန် ၁၂/ပဇတ(နိုင်)၀၂၉၂၃၄**
**ဖုန်း-၀၉-၄၅၂၀၈၈၈၂၈**

## CNG သုံးစွဲခွင့်စာအုပ် ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ယုယုထွေး ၁၂/ဒဂတ (နိုင်)၀၀၄၀၀၉ ပိုင်ဆိုင်သော AA-4016- TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ်၏ CNG သုံးစွဲခွင့် စာအုပ်ပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုထွေး**
**ဖုန်း-၀၉-၉၈၆၁၆၅၀၈၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13U/3333 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/52091 Honda Wave NCX - 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၉/လဝန(နိုင်)၁၃၅၉၉၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/12887 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လုလုမော် ၉/စကတ(နိုင်)၀၈၄၅၇၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၇၉၆၀၉ Honda-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူစန်း ၉/ဒခသ (နိုင်) ၀၀၂၀၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/1998 Mitsubishi Canter FB 70ABL Truck (4 x 2) ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းထိုက်မြင့် ၉/မရမ(နိုင်) ၀၀၀၅၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/39250 Sawasdee-115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၉/ပသက (နိုင်)၀၆၅၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/95952 Lifan-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘို ၉/အမရ (နိုင်) ၁၆၅၁၁၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စီ(ခ)ဒေါ်စီစီ(တောင်ငူ)
### အသက်(၉၂)နှစ်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၃၄၉)နေ (ဦးဖိုးစော-ဒေါ်မြခင်)တို့၏သမီး၊ ဦးအောင်သန်းထွန်း၊ ဦးအောင်စောထွန်း-ဒေါ်မူမူဝင်း၊ ဦးအောင်လှထွန်း(ခ)ဦးလှထွန်း- ဒေါ်ရီရီဝင်းတို့၏မိခင်ကြီး၊ မြေး ကိုသက်ကိုကိုထွန်း-မမေနွယ်ထွန်း၊ ကိုပြည်ကျော်ထွန်း-မနီနီမြင့်ငွေ နှင့် သမီးမြစ် (၂) ဦး တို့၏ဘွားဘွားကြီး၊ (ဒုဗိုလ်တင်လှ)၏ဇနီး ဒေါ်မြင့်မြင့်စီ (ခ) ဒေါ်စီစီသည် (၂၅-၉-၂၀၂၄) ရက် (သောကြာနေ့) မွန်းလွဲ (၂:၄၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွား ပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား (၂၇-၉-၂၀၂၄) ရက် (တနင်္ဂနွေနေ့) မွန်းလွဲ (၂:၃၀) နာရီတွင် တောင်ငူအနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး/ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး
### ဦးမျိုးနိုင်(ညွှန်ကြားရေးမှူး)(ငြိမ်း)
### အသက်(၈၂)နှစ်

ဦးဇော်ဇော်မြင့်-ဒေါ်ခင်မျိုးလတ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတားဒါယကာကြီး ဦးမျိုးနိုင် (ညွှန်ကြားရေးမှူး) (ငြိမ်း) အသက်(၈၂)နှစ်သည် ၁၂-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ (၁:၅၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၀)မှ ညီများနှင့်မိသားစုများ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ရွာကြီးလယ်ကျေးရွာနေ မခင်ဖြူဝေ ၁၃/ညရန(နိုင်) ၁၃၃၄၀၉ ၏မိခင် ဒေါ်သန်းအေး(ခ)ဒေါ်သန်းသန်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကြံဖိုစုကျေးရွာနေ မထူးအိဝင်း ၉/ပဗသ(နိုင်) ၀၃၃၂၁၁ ၏ဖခင် ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်နေ မတင်မာမြင့် ၁၂/မရက(နိုင်)၁၈၅၉၁၅ ၏ မိခင် ဒေါ်အေးမာ(ခ)ဒေါ်အေးအေးမာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ထိန်ကန်ကြီးကျေးရွာနေ မသိင်္ဂီဝင်း ၉/မသန(နိုင်)၁၉၅၉၅၉၏ ဖခင် ဦးကျော်ဝင်း(ခ)ဦးကျော်စွာဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာ (၈) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၈-B)၊ မြေကွက်အမှတ် (၁၉၄)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေအား ဒေါ်ခိုင်ခိုင်ဝင်းသိဏ်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာ (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၈-B)၊ မြေကွက်အမှတ်(၁၉၃)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိမြေအား ဦးအောင်ဆန်းမြင့်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၁)၊ ဇေယျာအေးမြ (၆)လမ်း၊ မြေကွက်အမှတ်(၂၀၈)၊ ဧရိယာ (ပေ ၄၀ x ပေ၆၀)ရှိ ဦးကိုကိုလွင် (၁၂/တမန(နိုင်)၀၀၄၂၈၄) အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (ခြေရင်း)ဘက်ခြမ်း၊ မြေကွက်အမှတ်(၂၀၅) နှင့် ကပ်လျက်တည်ရှိသော ဧရိယာ (ပေ၂၀x ပေ၆၀) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူများဖြစ်ကြသည့် ၁။ ဦးထွန်းဝင်း (၁၀/ပမန(နိုင်)၁၄၁၆၁၀) နှင့် ၂။ ဒေါ်ကြည်ကြည်အေး (၁၀/မလမ(နိုင်)၁၄၉၅၆၄)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်နွယ်အောင် (၇/ပတန(နိုင်)၁၀၃၈၃၈) က အရောင်းအဝယ်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသက်ပိုင်ကို(LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)

**ဦးမင်းခန့်ကျော်(LL.B)** — အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊(၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ကြီး
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း၊ အလက - ၂၊ မ/ဒဂုံ)
### အသက် (၈၆) နှစ်

မြင်းခြံမြို့နေ (ဦးဖန်-ဒေါ်ဖွားသိန်း)တို့၏သမီး၊ (ဦးကံဟော်-ဒေါ်ပု)တို့၏ ချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၂၄၁) နေ ဦးသောင်းစိန် လ/ထညွှန်ကြားရေးမှူး(ထွေ/အုပ်)(ငြိမ်း)၏ ဇနီး၊ ဦးသန့်ဇင်-ဒေါ်အိအိထွေး(A Star)ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ ဒေါက်တာစန္ဒာဝင်း(ပါမောက္ခ-ကုန်ထုတ်ဓာတုဗေဒဌာန - ဒဂုံတက္ကသိုလ်)၊ ဒေါ်ဝင်းပပ၊ ဒေါ်လပြည့်ဝင်းတို့၏ မွေးသမိခင်၊ မနေခြည်ထွေး၏ အဘွားဖြစ်သူသည် (၂၅-၉-၂၀၂၄)ရက် (သောကြာနေ့) နံနက် (၈: ၃၀) နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ (၂၇-၉-၂၀၂၄)ရက် (တနင်္ဂနွေနေ့) နံနက် (၁၀)နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ နံနက် (၈:၃၀)နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသဖြင့်(၁-၁၀-၂၀၂၄)ရက် (ကြာသပတေးနေ့) နံနက်(၇)နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက်အမှတ်-D ဟု ခေါ်တွင်သည့် (၉) ထပ်တိုက်၏၊ အခန်းအမှတ်-၇၀၁၊ အကျယ် (၁၆၅၀) စတုရန်း ပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနေထိုင်ခွင့်စာချုပ်၌ အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဦးကျော်ကျော်(၁၂/အစန(နိုင်) ၁၆၆၉၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆိုတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်း၊ စာမှတ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့် (LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၇)**
**အမှတ် - ၄၈၀၊ သခင်စံရွှေလမ်း၊ ၁၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၅၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် - ၈၆၈၊ အကျယ်(၄၀'x၆၀')ရှိ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေကွက်သည် ဒေါ်ခင်နွဲ့ကြည် (၁၂/ဒဂရ(နိုင်)၀၁၃၈၉၃) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်(မြေကွက်အမှတ်၈၆၉နှင့်ကပ်လျက်)၊ အကျယ်(၂၀'x၆၀')ရှိ မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်ခင်နွဲ့ကြည်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းထွန်း(၅/ဘတလ(နိုင်)၁၀၉၄၃၅) (၎င်း၏ကိုယ်စား ဦးစိန်လင်း(၅/ဘတလ(နိုင်)၀၅၈၇၆၁)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အဆိုပါမြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့် တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့် (LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၇)**
**အမှတ် - ၄၈၀၊ သခင်စံရွှေလမ်း၊ ၁၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/45120, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၁၄/ကလန(ပြု)၀၀၀၆၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၁၀၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးဆက်ပိုင်စိုး ၁၀/သဖရ(နိုင်)၁၅၂၀၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/16268, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဆန်းအောင် ၁၄/သပန(နိုင်)၁၃၇၅၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 17U/6882, Dayang -200(200 CC), 3W ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်းဝေ ၁၄/ပသန(နိုင်)၂၁၇၃၀၅ က ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ‘ပညာမဥ္ဇူကျောင်းတိုက်’ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမိတ
### သက်တော်(၇၆)နှစ်၊ သိက္ခာတော် (၅၆) ဝါ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာနေ (ခမည်းတော် ဦးညိုကြီး – မယ်တော် ဒေါ်မိတ်) တို့၏သားလတ်၊ ဒေါ်အေးပို ၏မောင်၊ ဦးလှအေး ၏အစ်ကို၊ အရှင်ဝဏ္ဏသီရိ(သာသနဓဇဓမ္မာစရိယ)၏ဆရာ၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/ အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ မဟာစေတီတိုက် ‘ပညာမဥ္ဇူကျောင်းတိုက်’ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဓမိတ သက်တော်(၇၆)နှစ်၊ သိက္ခာတော် (၅၆) ဝါရှိ ဆရာတော်သည် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ (၂၄-၉-၂၀၂၄) ရက် (ကြာသပတေးနေ့) ညနေ (၃) နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၂၆-၉-၂၀၂၄) ရက် (စနေနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါသည်။ ဆရာတော်အားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသောလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းလိုပါသဖြင့် (၃၀-၉-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)နံနက် (၈:၀၀)နာရီမှ (၁၀)နာရီအထိ ပညာမဥ္ဇူကျောင်းသို့ တရားတော်နာကြွရောက်ပါရန် ညီုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၂၆-၉-၂၀၂၄)ရက် (စနေနေ့)တွင် “ပညာမဥ္ဇူကျောင်း” မှ မော်တော်ယာဉ်များ မွန်းလွဲ (၂)နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ်(၇)တွင် နေထိုင်သူ ဦးစိုးလွင်ဦး(ဘ)ဦးဝမ်လူဖန်(ခ)ရီစိုး (၁၃/ဟပန(နိုင်)၀၀၁၂၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစိုးလွင်ဦး အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ဟိုပုံးမြို့၊ တောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်အမည် ၁၂/၁၊ လေးအိမ်ကုန်းရွာမ၊ ဦးပိုင်/မြေကွက်အမှတ် ၅၉/ က-င/၂၄၂/၂၀၈၈၊ ဧရိယာ (၀.၁၄၄)ဧကရှိ(ဂရန်မူရင်း)မှာ ပျောက်ဆုံးနေပါသဖြင့် ရုံးလက်ခံမိတ္တူမှန်လျှောက်ထားခြင်းကိစ္စကို သက်ဆိုင်ရာဌာနအသီးသီးသို့ လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဂရန်မူရင်းအား ကျွန်ုပ်သိရှိခြင်းမရှိဘဲ ရယူထားပါကလည်း သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလွင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိခင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၆၄)**
**အမှတ် (အ/၁၃၁)၊ အော်ယောရပ်၊ မဟာဗန္ဓုလလမ်း၊ ပင်းတယမြို့၊ ဖုန်း- ၀၉-၄၅၀၀၆၆၉၂၉**

## CDC ပျောက်ဆုံးကြောင်း

ကျွန်တော် ဉာဏ်နေလင်း ၁၁/ရဗန(နိုင်)၀၆၇၃၀၄၏ စီဒီစီ အမှတ် 85670 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၇၈၄၆၂၀၂၆**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/6381 ယာဉ်လက်ဝယ်ရှိသူ ဦးသူရ ၁၂/ဥကတ(နိုင်) ၁၃၆၂၃၇ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက် ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၆၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၁၀၃)၊ မြေဧရိယာ(၀.၂၀၂)ဧကရှိမြေကွက်သည် မူလက ဦးဟာရ်ကာဗဟာဒူးအမည်ဖြင့် (၅-၆-၂၀၁၅)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူဦးဟာရ်ကာဗဟာဒူးမှာ (၅-၂-၂၀၀၂)ရက်တွင်ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူဒေါ်ဘူဒီမာယာမှ (၈-၇-၂၀၂၄)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၄၁၃/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဒေါ်ဘူဒီမာယာ ၁/မကန(နိုင်) ၀၁၈၉၇၆အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ခရေပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀၅)၊ မြေကွက်အမှတ်-(၅၂၅)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ၂၀xအနံပေ ၆၀)ရှိ ဒေါ်ခင်ခင် ( ၁၂/သဃက(နိုင်)၁၀၀၉၅၂) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးထွန်းထွန်းမင်း (၁၂/သဃက(နိုင်)၀၃၈၂၅၂) က ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်မဒေါ်ဆိုင်းထွယ်(၁/မကန(နိုင်)၁၃၃၁၁၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဦးထွန်းထွန်းမင်း၏ ဇနီးဖြစ်သူ ဒေါ်မာမာမြင့်(၁၄/လမန(နိုင်)၀၀၆၂၃၆)ထံမှတစ်ဆင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆိုင်းထွယ် (၁/မကန(နိုင်)၁၃၃၁၁၃)**
**အမှတ်(၃၉၈)၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ကျောက်တန်းမြို့နယ်၊ ညောင်ပိုင်းကျေးရွာအုပ်စု၊ မြိုင်သာယာ(၅)နေ **ဖခင်ဦးသိန်းဌေး+ မိခင်(ဒေါ်ခင်နွဲ့)**တို့၏ **သမီးဖြစ်သူ မလှဦးမော် (၁၂/ကတန(နိုင်) ၀၈၀၂၈၁)** သည် ဖခင်၏ ပြောဆိုဆုံးမမှုများကို လေးစားမှု၊ နာခံမှု မရှိသည့်အပြင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် (၂၃.၉.၂၀၂၄) နေ့တွင် နေအိမ်ပေါ်မှ ထွက်သွားပါသဖြင့် ယင်းနေ့ရက်မှ စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝအားလုံးကို ဖခင်က တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကို ကျွန်ုပ်တို့၏ မိတ်ဆွေ **ဖခင်ဖြစ်သူဦးသိန်းဌေး (၁၂/ကတန(နိုင်) ၀၅၃၅၆၄)** ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်မျိုးသူဇာ (LL.B.,D.B.L.,D.M.L.,D.I.L)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၈၃)

**ဦးနိုင်မင်းသိန်း (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၅)

အမှတ်(၃)၊ သမာဓိလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ၀၉-၇၉၉၄၃၉၉၀၄၊ ၀၉-၄၂၁၀၆၅၇၀၃

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၂၃ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအား လက်ခံကြိုဆို မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်

စာမျက်နှာ ၁၅ ကော်လံ ၁ ■

## PDF အမည်ခံ အကြမ်းဖက်သမားများဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျောင်းသားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များပေါ်ထွန်းလာမှုကို နှောင့်ယှက်ရန်ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများအား DCS (Disloyalty Civil Servant) ပြုလုပ်ရန်နှင့် ၎င်းတို့အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများကို အကြောင်းမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စာသင်ကျောင်းများအား Drop Bomb ချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ○




PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျောင်းသားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့သည့် နေရာပြမြေပုံ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

**ယနေ့ သတင်းအညွှန်း**

**တာဝန်သိပြည်သူများနှင့် အတွင်းသတင်းပေးများ၏ ပူးပေါင်းမှုဖြင့် တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုနေရာအား ထိရောက်စွာ ချေမှုန်းနိုင်ခဲ့**

ပြည်တွင်းသတင်း စာ ၁၆

## FIFA ASEAN Cup 2026 ပြိုင်ပွဲ မလေးရှားအသင်း ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးဂိုးပြတ်ဖြင့်အနိုင်ရ



ရန်ကုန် စက်တင်ဘာ ၂၅

**FIFA ASEAN Cup 2026 ပြိုင်ပွဲ Division 1 အုပ်စု (A) ပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ Gelora Bung Karno Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ရာ မလေးရှားအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

အဆိုပါပွဲစဉ်တွင် မလေးရှားအသင်းအတွက် အနိုင်ဂိုးများကို အာရစ်ဖ်အိုင်မန်က ပွဲချိန် ၁၈ မိနစ်နှင့် ၃၇ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ဘာ့ဂ်ဆွန်က ပွဲချိန် ၅၂ မိနစ်တွင် တစ်ဂိုးထပ်မံသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲအပြီး Division 1 အုပ်စု (A) ဇယားရပ်တည်မှုအရ မလေးရှားအသင်းသည် တစ်ပွဲကစား၊ တစ်ပွဲနိုင်၊ ရမှတ် သုံးမှတ်ဖြင့် ဦးဆောင်နေပြီး ဘင်္ဂလားဒေ့ရှ်အသင်းသည် တစ်ပွဲရှုံး၊ ရမှတ်မရှိသေးဘဲ အုပ်စုအောက်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ✳

## နေးရှင်းလိဂ်အဖွင့်ပွဲစဉ်တွင် ပေါ်တူဂီ၊ နော်ဝေတို့ နိုင်ပွဲရပြီး ဂျာမနီ သရေကျ



ယူအီးအက်ဖ်အေနေးရှင်းလိဂ် (က) အုပ်စု (၄) အဖွင့်ပွဲစဉ်မှ စက်တင်ဘာ ၂၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီနှင့် ဝေးလ်အသင်းပွဲစဉ်တွင် ပေါ်တူဂီအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

ပေါ်တူဂီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ တိုက်စစ်စွမ်းဆောင်ရည်အသာနှင့် အခွင့်အရေးဖန်တီးမှုပိုင်း ပွဲချိန်အများစုအသာရခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ဘက် ဝေးလ်အသင်း၏

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တပြတ်တောက်မှု ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ်ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၈-၉-၂၀၂၆ ရက်နေ့မှ ၈-၁၀-၂၀၂၆ ရက်နေ့အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**